ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-1-2007) (၅၁၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ကျေးရွာများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဇန်နဝါရီ   ၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ကျေးရွာအုပ်စုကိုးအုပ်စုသို့ ဇန်နဝါရီ ၇ ရက်တွင် သွားရောက်၍ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် နံနက် ၁၀နာရီတွင် ဆိတ်ဖူးတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး သင်္ကန်းနှင့် စားအုန်းဆီများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျေးရွာဒေသခံများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားညှိနှိုင်း ဆောင်ရွက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လှကက်တောင်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ အောင်ဘိတ်သိတ်ကျေးရွာသို့ရောက်ရှိကာ ဒေသခံများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက်နှင့် ကလေးများ ဝက်သက်ကာကွယ်ဆေးထိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဘို့မသံတောင်ကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ဘို့မသံတောင်နှင့် နမ်ချိုကျေးရွာရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများနှင့် ခရစ်ယာန်ဘုရားကျောင်းအတွက် ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဝေသာလီကျေးရွာ၊ ပဒက်ချောင်းကျေးရွာနှင့် မြသီတာကျေးရွာတို့သို့ ရောက်ရှိပြီး ဒေသခံများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဂမုန်းတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✾

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လက်တွဲပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူများပူးပေါင်းဆောင်ရွက်မှု မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် များစွာအထောက်အကူပြု လူတိုင်း တံခါးဖွင့်အိပ်နိုင်မည့်အဆင့်သို့ ရောက်ရှိလာမည်ကို ယုံကြည်

ရန်ကုန်   ဇန်နဝါရီ   ၉

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်လက်တွဲပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသူများအား တွေ့ဆုံသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ထားသည့်အတွက် တိုင်းအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ အေးချမ်းစွာဖြင့် စီးပွားဥစ္စာ ရှာဖွေလုပ်ကိုင်နိုင်ရန် အထူးပင်အရေးကြီးကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်ကို အဓိကတာဝန်အဖြစ်ခံယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်နေသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့အနေဖြင့် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆောင်ရွက်ပေးနေကြသည့် ကုမ္ပဏီများအပြင် လုံခြုံရေးတာဝန် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများ၊ တာဝန်ခံများနှင့် လုံခြုံရေးနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ပေးနိုင်မည့် ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို ဆွေးနွေးအကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လက်တွဲ၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ယနေ့ မိုးလေဝသ

၁၀-၁-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၀-၁-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံ့သားကောင်းသမီးမွန်များ ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်က အနာဂတ်ကိုမျှော်မှန်းပြီး အခြေခံပညာကဏ္ဍက စတင်၍ ကျောင်းသူ၊ ကျောင်းသားလူငယ်များအား ပညာသင်ယူနိုင်သည့် အခွင့်အလမ်း၊ စွမ်းရည်နှင့် ပညာသင်ယူလိုသည့် စိတ်ဓာတ်တို့ကို လေ့ကျင့်ပျိုးထောင်ပေးနေသည်။

ယနေ့ကာလ ပညာရေးမျှော်မှန်းချက်သည် ကျောင်းပရဝဏ်ကို ကျော်လွန်လာနေပြီဖြစ်သည်။ ဆရာ၊ ဆရာမများက တပည့်များအား စာပေပညာတတ်မြောက်ရုံသာမက ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်း အကျိုးအတွက် အထောက်အကူပြုရေး၊ နိုင်ငံ့သားကောင်း အရည်အသွေး၊ ပညာရပ်ဆိုင်ရာစွမ်းအားနှင့် နိုင်ငံကြီးသားစိတ်ဓာတ်များ ပြည့်စုံစေရေးတို့အတွက်ပါ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းသင်ကြားပေးမှုများကြောင့် ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသူ၊ ကျောင်းသားများ ပေါ်ထွက်လာလျက်ရှိသည်။ ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ချက်များကို ထုတ်ဖော်တင်ပြနိုင်ရေး၊ အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝစံနှုန်းများကို ထိန်းသိမ်းမြှင့်တင်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးမွန်များ ပေါ်ထွန်းလာရေးတို့အတွက် ပညာရေးစုံညီပွဲတော်များ နှစ်စဉ်ကျင်းပလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို နေပြည်တော်တွင် ဇန်နဝါရီလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့ရာ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ၊ ပညာရေးဖွံ့ဖြိုးမှုပြပွဲ၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲများ ပြသခဲ့ပြီး ဘက်စုံပညာထူးချွန်ဆုရရှိသူ ကျောင်းသူ၊ ကျောင်းသားများအား ဆုများချီးမြှင့်ခဲ့သည်။

မျက်မှောက်ပညာရေးကဏ္ဍတွင် ဘက်စုံပညာရေးစနစ်ကို အလေးထား ဖော်ဆောင်လျက်ရှိရာ ဆရာ၊ ဆရာမများ၏ စေတနာနှင့် ဝီရိယစွမ်းအား၊ ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်လေ့ကျင့်သင်ယူမှုအား၊ မိဘပြည်သူများနှင့် စေတနာရှင်များ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုအားများ ပေါင်းစည်းညီညီ ဆောင်ရွက်ကြခြင်းဖြင့် အရည်အသွေးမြင့်မားသော နိုင်ငံ့သားကောင်း သမီးမွန်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာမည်ဟု ယုံကြည်ပါသည်။ ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး ညှိနှိုင်းစည်းဝေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေးအတွက် လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်နှင့် အတွင်းရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသော ဖိတ်ကြားရေးနှင့် အစည်းအဝေး ဖြစ်မြောက်ရေးဆပ်ကော်မတီ၊ အစည်းအဝေးကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ အခမ်းအနား ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ ကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သုံးသပ်ပြုစုရေးဆပ်ကော်မတီ၊ မိန့်ခွန်းနှင့်အစည်းအဝေး အစီရင်ခံစာပြုစုရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အသီးသီး ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေး ဗဟိုဌာန (ICIMOD)တို့ ပူးတွဲကျင်းပသည့် ပထဝီဝင်သတင်းအချက်အလက်စနစ် အသုံးပြုပြီး သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းရှိ တော်ဝင်ခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ICIMOD, GIS မှ ကျွမ်းကျင်ပညာရှင် Mr. Sushil Pradhan က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သစ်တောဦးစီးဌာနရှိ အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်ဌာနစိတ်၌ ဇန်နဝါရီ ၁၉ရက်ထိ ရက်သတ္တ နှစ်ပတ်ကြာ ပို့ချမည်ဖြစ်ပြီး ဝန်ကြီးဌာနလေးခုမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စိတ်ထားဖြူစင်ပါရမီရှင်အသင်း သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပခုက္ကူဆရာတော် ဘဒ္ဒန္တဝိစာရ၏ ဩဝါဒကို ခံယူ၍ စိတ်ထားဖြူစင် ပါရမီရှင်အသင်းက ၂၀၀၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ပခုက္ကူဒေသနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ၊ ရန်ကုန်တိုင်းအတွင်းရှိ ဟံသာတစာသင်တိုက်(ရွှေပြည်သာ)၊ ရွှေမင်းဝံဘုန်းတော်ကြီးသင် ပညာရေးကျောင်း (မင်္ဂလာဒုံ)၊ အောင်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း(လှိုင်သာယာ)၊ မှန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း(သာကေတ)၊ တွံတေးမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့၌ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၆၁၄ တို့အား သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ထားဖြူစင် ပါရမီရှင်အသင်းက သွားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြုလုပ်ပေးစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် အနောက်မြင်းပြိုင်ကွင်းလမ်းနေ ဒေါ်ခင်နှင်းရီ၏ အသက်(၇၀)ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ခင်ပွန်းဦးတင်မောင် (ဦးဗိုးအေး-မြန်မာ့အသံ)နှင့် သား၊ သမီး၊ မြေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုနန္ဒ(လူမွှီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၉

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁နာရီ ၅၇မိနစ် ၅၈စက္ကန့်အချိန်က မှော်ဘီမြေငလျင်စခန်း၏ မြောက်ဘက် ၁၅၅မိုင်ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြည်တွင်း)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့် အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

❋ ရှေ့ဖုံးမှ

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပဒတ်ချောင်း၊ မဲပေါက်နှင့် ပင်ရဲကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ ပံ့ပိုးထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

တိုင်းမှူးနှင့်အဖွဲ့သည် ခရီးစဉ်တွင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ် ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာရှိ အိမ်ထောင်စု ၇၅၇ စု အတွက် အိုင်အိုဒင်းဆား ၅၀ ကျပ်သား အထုပ် ၇၅၇ ထုပ်၊ လူကြီးဝတ်အနွေးထည် အထည် ၈၀၀၊ ကလေးဝတ်အနွေးထည် ၁၀၁၀ နှင့် ဆေးဝါးပစ္စည်းများ၊ ကျောင်းသား၊ ကျောင်းသူ ၅၇၆ ဦးအတွက် ဗလာစာအုပ် ၂၀၀၊ ခဲတံ ၁၄၅ ဒါဇင် ထောက်ပံ့ပေးအပ်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၁၄ကျောင်းနှင့် ခရစ်ယာန် ဘုရားကျောင်းတစ်ကျောင်းအတွက် လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်းငွေ ကျပ် ၁၇ သိန်းကျော် တန်ဖိုးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ ပြည်သူများမှ

ပြည်သူများက ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ရပ်ကွက်အတွက် လုံခြုံရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေ၍ အထူးဝမ်းမြောက်ဂုဏ်ယူမိကြောင်းနှင့် "လူတိုင်း တံခါးဖွင့်အိပ်နိုင်မည့်အဆင့်သို့ ရောက်ရှိလာမည်ကို" ယုံကြည်မိပါကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းသည် အစည်းအဝေးခန်းမ၌ ပြသထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လက်တွဲပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွံတေး အရှင်ကုဏ္ဍကာဋက၏ ဓမ္မပွဲစဉ်များ

ရန်ကုန် ဇန်နဝါရီ ၉

ဆရာတော် တွံတေး အရှင်ကုဏ္ဍက (ဓမ္မကထိကဗဟုဇနဟိတဓရ)သည် ဇန်နဝါရီ ၁၁ရက်တွင် အနော်မာရေကန်ရှေ့ အနော်မာ(၁)ရပ်ကွက် သာကေတ၊ ၁၂ရက်တွင် ဘုမ္မာ(၆)လမ်းထိပ် မြောက်ဥက္ကလာပ၊ ၁၃ရက်တွင် သာသနာ့ဟိတ ဓမ္မာရုံ ကျောက်မြောင်း၊ ၁၅ ရက်တွင် မကွေးမြို့ ဆရာတော်ကြီး၏ကျောင်းတွင် ရှင်ပြုရဟန်းခံ ညပွဲ၊ ၁၆ရက်တွင် မလွန်ဆန်လှူအသင်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ၊ ၁၇ ရက်တွင် ဆူးလေစေတီတော် ရန်ကုန်၊ ယင်းနေ့ည ၈နာရီတွင် စီမံကိန်း(၁)မြလေးလမ်း၊ ၁၈ရက်တွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ မြောက်/ဒဂုံ၊၁၉ရက်တွင် ဓမ္မရက္ခိတဓမ္မာရုံ (၁၈)ရပ်ကွက် ဒဂုံတောင်ပိုင်း၊ ၂၀ရက်တွင် ဣန္ဒြာအပိုင်း (၄)ရပ်ကွက် မြောက်ဥက္ကလာပတို့တွင် ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

ကံမြင့်ကျောင်းတိုက် ကလေးအထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ ရက်တွင် အရှင်ဆန္ဒာဓိကနှင့် ၁၄ရက်တွင် အရှင်ဆေကိန္ဒတို့က ညစဉ် ၇ နာရီတွင် ဟောကြားမည်ဖြစ်၍ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဘဝစာမေးပွဲအောင်မြင်နည်း တရားတော် (အရှင်ဆေကိန္ဒ)
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ နိုင်ငံတကာအနုပညာရေးရာ
- ၈း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၄၅ ဆောင်းရာသီအားလပ်ရက်များ
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ Midweek Sports News
- ၉း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၀ ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင်သုံးစွဲနည်း
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ MRTV-4 စာအုပ်စင်ကဏ္ဍ (မင်းခိုက်စိုးစန်နှင့် တွေ့ဆုံခြင်း)
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၁၀း၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၂၀ Myanmar Video Rhythm
- ၁၁း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၂၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၁း၃၀ တေးဂီတအစီအစဉ်
- ၁၁း၃၅ ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
- ၁၁း၅၀ တေးဂီတအစီအစဉ်
- ၁၁း၅၅ Fashion Fever [ဒီဇိုင်နာသီတာဝင်း(DOZO)၏ ညနေခင်းပွဲတက်ဝတ်စုံများ]
- ၁၂း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၁၅ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်)
- ၁၂း၄၀ တေးဂီတအစီအစဉ်
- ၁၂း၄၅ သံချည်သံကွေးအတတ်ပညာ (အပိုင်း–၁)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖုန်ရင်ရာဇီ ရေခဲတောင်ခရီးစဉ် အောင်နိုင်ရေးအလံအပ်နှင်းပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခါနွေဦးကာလ လူငယ်ရေးရာလှုပ်ရှားမှုတစ်ရပ်ဖြစ်သော ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဖုန်ရင်ရာဇီ ရေခဲတောင်ခရီးစဉ် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်၍ အမှာစကား ပြောကြားကြပြီး ခရီးစဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

မိတ်ဆက်ပေး

ထို့နောက် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က အမြင့်ပေ ၁၉၃၀၀ ရှိ ဖုန်ရင်ရာဇီ ရေခဲတောင် တက်ခရီးစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တောင်တက်ခရီးစဉ်တွင် ပါဝင်တက်ရောက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်တို့မှ လူငယ် ၄၀ တို့အား တက်ရောက်လာသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က အောင်နိုင်ရေးအလံများ အသီးသီး ပေးအပ်ရာ ဒေါက်တာခင်မောင်က လက်ခံသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၅သိန်း၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ငွေကျပ် ၂၅ သိန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅ သိန်း၊ ပြည်နယ်၊တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ လှူဒါန်းငွေများ၊ ပရိမီယာကော်ဖီမစ်လုပ်ငန်း၊ IP Tele Co., Ltd.၊ Fortune Co., Ltd.၊ Jade Land Co., Ltd.၊ Sun Tech Co., Ltd.၊ စိုးမိုးအဏ္ဏဝါကုမ္ပဏီတို့မှ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၁၆၀ ငါးသောင်းတို့ကို အလှူရှင်များကိုယ်စား ဗဟိုအတွင်းရေးမှူးက လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ အောင်ကောင်း ကျော်ကုမ္ပဏီ၊ စန်းရတနာကုမ္ပဏီ၊ ကြူကြူ ထီးရောင်းဝယ်ရေး၊ အိမ်အလှဆင်ပစ္စည်း ရောင်းဝယ်ရေးနှင့် မြသုံးလုံး မိသားစုတို့က လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ဒေါက်တာခင်မောင်က လက်ခံသည်။ အလှူငွေ စုစုပေါင်းမှာ ကျပ် ၁၇၃ သိန်း ရှစ်သောင်းသုံးထောင်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က ဖုန်ရင်ရာဇီ ရေခဲတောင်တက်ခရီးစဉ် အထိမ်းအမှတ်တံဆိပ်များကို လက်ဆောင် ပေးအပ်သည်။

ဖြည့်ဆည်းပေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ဇန်နဝါရီ ၆ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းခန်းမ၌ Teleport နှင့် Incubation Center တည်ဆောက်နေမှု အခြေအနေများကို တာဝန်ခံများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးအား လမ်းဖောက်လုပ်ရေး တာဝန်ခံများက လမ်းဖောက် လုပ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းတန်ဖိုးစိစစ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက အမာခံမြေသား လမ်းဖောက်လုပ်မှုအတွက် လိုအပ်သည်များနှင့် တည်ဆောက်ရေးဆိုင်ရာများအတွက် တန်ဖိုးတွက်ချက်မှုများ စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖုန်ရင်ရာဇီ ရေခဲ တောင်ခရီးစဉ် အောင်နိုင်ရေးအလံကို မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်ထံ ပေးအပ်စဉ်။ (ဆက်သွယ်ရေး)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး (စီ)ရုံ ဒုတိယထပ် GANO EXCEL အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွှေတောင်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်၍ ဦးအောင်မြင့် ဖုန်း–၃၈၄၁၉၀၊ ဦးရဲလှမြတ် ဖုန်း–၀၉–၅၀၁၆၃၈၆၊ ဦးရဲမြင့် ဖုန်း–၀၉၅–၁၃၀၂၄၅ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးတင်လှ–ဒေါ်အေးအေးကြည် (အဂ္ဂမဟာသီရိသုဓမ္မဒီဂီ၊ လူမှုထူးချွန် ဒုတိယဆင့်) မိသားစုက ဒေါ်အေးအေးကြည်၏ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးတိုးချဲ့ ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက်က ပန်းဘဲတန်းမြို့နယ် ရပ်ကွက်ပေါင်းစုံ အားကစားပြိုင်ပွဲကို ရွှေဘုံသာအောက်လမ်း၌ ကျင်းပရာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိသွားသည့် အမှတ်(၇) ရပ်ကွက်အသင်းအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၉)

မာဗီးနက်စ်ကျွန်းအရေး ညှိနှိုင်းဆွေးနွေးရန် ဗြိတိန်ကိုတိုက်တွန်း

ဗျူနိုအေးရိစ် ဇန်နဝါရီ ၈

ဖောက်ကလန်ကျွန်းဟူ၍ လူသိများသည့် မာဗီးနက်စ်ကျွန်း၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရန်လိုလားကြောင်း အာဂျင်တီးနားအစိုးရက ဇန်နဝါရီ ၃ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

မာဗီးနက်စ်ကျွန်း၏ အချုပ်အခြာအာဏာနှင့် စပ်လျဉ်း၍ ဗြိတိန်က ကိုင်တွယ်ဖြေရှင်းရန် ငြင်းဆန်ခဲ့မှုအပေါ် နားမလည်နိုင်ဟု ဗြိတိန်က အတ္တလန္တိတ်ကျွန်းများကို ထိန်းချုပ်မှု ၁၇၄ နှစ်မြောက် နှစ်ပတ်လည်နေ့၏ အကြိုနေ့တွင် အာဂျင်တီးနားနိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

မာဗီးနက်စ်ကျွန်းနှင့် အနီးတစ်ဝိုက် ပင်လယ်ပြင်သည် အာဂျင်တီးနား နယ်မြေပိုင်နက်ဖြစ်ပြီး ယင်းကျွန်းကို ဗြိတိန်က ထိန်းချုပ်ထားမှုသည် တရားမဝင်သည့် သိမ်းပိုက်မှုသာဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တင်သွင်းလာသော သံတိုသံစများအတွင်း လက်ပစ်ဗုံးများ ရောနှောပါလာ

ဒါရက်ဆလမ် ဇန်နဝါရီ ၈

တန်ဇန်းနီးယားနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ တင်သွင်းလာသော သံတိုသံစများနှင့်အတူ လက်ပစ်ဗုံးအလုံး ၁၀၀ ကျော် ရောနှောပါဝင်လာသည်ကို ဒါရက်ဆလမ်မြို့တော်၌ တွေ့ရှိရပြီးနောက် တင်သွင်းလာသော သံတိုသံစများကို ကြပ်ကြပ်မတ်မတ် စစ်ဆေးလျက်ရှိသည်။

ဖမ်းဆီးရမိသော လက်ပစ်ဗုံးများမှာ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာခြင်းဖြစ်ဖွယ်ရာရှိသည်ဟု ရဲတပ်ဖွဲ့ သတင်းများက ဖော်ပြသည်။

သံတိုသံစများနှင့်အတူ ရောနှောသယ်ဆောင်လာသည့် လက်နက်များကို ရှာဖွေဖော်ထုတ်ပေးနိုင်သည့် ကိရိယာမျိုးတပ်ဆင်ကာ စိစစ်မှုများ ဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဆာအစ်မစီမာက ပြောကြားသည်။

လက်နက်ကိုင်ပြည်တွင်း ပဋိပက္ခဖြစ်နေသော အိမ်နီးချင်းနိုင်ငံများမှ အဆိုပါ လက်နက်များကို တင်သွင်းလာခြင်းဖြစ်ကြောင်း ကနဦးစုံစမ်းမှုများအရ သိရသည်။

ယခုအခါ ရဲတပ်ဖွဲ့နှင့် စစ်ဘက်မှ မိုင်းကျွမ်းကျင်သူများ ပူးပေါင်းကာ တန်ဇန်းနီးယားနိုင်ငံရှိ သံမဏိစက်ရုံများနှင့် သံတိုသံစကုန်ကြမ်းသုံးစွဲသော စက်ရုံများ၌ လက်ပစ်ဗုံးနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများကို ရှာဖွေလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘာသူးတောင်ကြားလမ်းတွင် နှင်းတောင်ပြိုကျသဖြင့် ဒဏ်ရာရရှိသူတစ်ဦးအား ကယ်ဆယ်ရေးအဖွဲ့ဝင်များ သယ်ယူလာသည်ကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာသီဥတုဆိုးရွားမှုကြောင့် ကူးတို့သင်္ဘော လျင်မြန်စွာ နစ်မြုပ်ခဲ့

ဂျကာတာ ဇန်နဝါရီ ၈

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ရှိ မန်ဒါလီကာကျွန်းအနီးတွင် ယမန်နေ့နံနက်ပိုင်းက နစ်မြုပ်ခဲ့သည့်ကူးတို့သင်္ဘောအတွင်း ခရီးသည်များ ပိတ်မိနေပြီး သေဆုံးဖွယ်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းထန်မှုကြောင့် သင်္ဘောသည် လျင်မြန်စွာ နစ်မြုပ်ခဲ့ပြီး အခန်းတွင်း အိပ်ပျော်နေသူများ ပြင်ပသို့ထွက်နိုင်ခြင်းမရှိခဲ့ကြောင်း ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဆိုင်ဖူးက အသက်မသေ ကျန်ရှိသူများ၏ပြောကြားချက်များကို ကိုးကား၍ စနေနေ့တွင် ပြောကြားသည်။

သင်္ဘောပေါ်လိုက်ပါသွားသူ အများစုသည် သင်္ဘောနှင့်အတူ နစ်မြုပ်ရာပါသွားပြီး သေဆုံးကုန်သည်ဟု ၎င်းက ပြောကြားသည်။

လှိုင်းလေထန်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောအမြန် နစ်မြုပ်ခြင်းဖြစ်ပြီး ညဥ့်သန်းခေါင်ယံအချိန်တွင် ခရီးသည်များ အိပ်မောကျနေစဉ် သင်္ဘော နစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုင်ဖူးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ဓာတ်ငွေ့ပို့လွှတ်ရေးစက်ရုံကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားလေကြောင်း ခရီးစဉ်သစ်များ လန်ဒန်သို့ တိုးချဲ့ပျံသန်းမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၈

မလေးရှားနိုင်ငံရှိလေကြောင်းကုမ္ပဏီငယ်များသည် လေယာဉ်လက်မှတ်ခဈေးချိုချိုဖြင့် ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်သို့ပျံသန်းပေးမည့်လေကြောင်းခရီးစဉ်များကို ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

၂၀၀၇ခုနှစ်နှစ်ဦးပိုင်းတွင်လေကြောင်းကုမ္ပဏီငယ်များက လေကြောင်း ခရီးစဉ်သစ်များကို ထုတ်ပြန် ကြေညာရန်ရှိနေသည်။

မလေးရှားနိုင်ငံရှိ Air Asia နှင့် Ply Asian Xpress လေကြောင်းဌာနများသည်၂၀၀၇ခုနှစ်ဇူလိုင်လမှစ၍ လန်ဒန်ခရီးစဉ်ကိုလေယာဉ်လက်မှတ်ခဈေးချိုချိုဖြင့် ပျံသန်းပေးရန် အစီအစဉ်များ ချမှတ်ထားသည်။ အဆိုပါ လေကြောင်းဌာန နှစ်ခုတို့သည် မဟာမိတ်ပြု ဆောင်ရွက်နေသည့် လေကြောင်းကုမ္ပဏီများလည်း ဖြစ်ကြသည်။ ***အင်တာနက်။***

၆၇ နှစ်အရွယ်ရှိ စပိန်အမျိုးသမီးကြီး အမြွှာပူးမွေးဖွား

ဘာစီလိုနာ ဇန်နဝါရီ ၈

အသက် ၆၇ နှစ်အရွယ်ရှိ စပိန်လူမျိုး အမျိုးသမီးကြီးတစ်ဦးသည် အမြွှာပူးကလေးငယ်နှစ်ဦးကို ဘာစီလိုနာမြို့ရှိ ဒီဆန့်ပေါလ်ဆေးရုံ၌ မွေးဖွားခဲ့ကြောင်း၊ ကလေးများနှင့် မိခင်ပါ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ အမျိုးသမီးကြီး မည်သူမည်ဝါဖြစ်သည်ကို အဆိုပါ ဆေးရုံ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အမြွှာပူးကလေးများနှင့် ပတ်သက်၍လည်း မသိရှိရပေ။ ယင်းမှာ လူနာ၏ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်ပင် ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ စပိန်အမျိုးသမီးကြီးသည် ဗိုက်ခွဲမွေးဖွားခဲ့ခြင်းဖြစ်ပြီး သန္ဓေသားရရှိရန် ဖန်ပြွန်သန္ဓေသားမျိုးပွားသည့်နည်းဖြင့် ဆောင်ရွက်ခဲ့သည်။

အင်တာနက်။

အမေရိကန် ဗုံးရှင်းလင်းရေး တပ်ဖွဲ့ဝင် သုံးဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အီရတ်နိုင်ငံရှိ ဗုံးရှင်းလင်းရေးတပ်ဖွဲ့နှင့်အတူ တာဝန်ထမ်းဆောင်နေသော အမေရိကန်လေတပ်တပ်ဖွဲ့ဝင် သုံးဦးသည် ဇန်နဝါရီ ၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖြင့် တိုက်ခိုက်ခြင်းခံရသည့်အတွက် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အစောပိုင်းကလည်း သီးခြားဖြစ်ပေါ်သော တိုက်ခိုက်မှုနှစ်ခုတွင် ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ရကြောင်း စစ်ဘက်၏ကြေညာချက်တွင် ပါရှိသည်။ တစ်ဦးမှာ ဘဂ္ဂဒက်မြို့ရှိ နိုင်ငံစုံတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး အခြားတစ်ဦးမှာ နယ်ဝေးမြေခြားရောက် မရိန်းတပ်ဖွဲ့ အမှတ်(၁၁) ဌာနချုပ်စခန်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ယင်းဌာနချုပ်စခန်းသည် အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်၌ မီးလောင်မှုဖြစ်ပွား ကလေးငါးဦး သေဆုံး

မနီလာ ဇန်နဝါရီ ၈

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ မြောက်ပိုင်း ဗလင်ဇွဲလားမြို့၌ ယမန်နေ့ အရုဏ်မတက်မီ အချိန်တွင် အိမ်မီးလောင်ကျွမ်းမှု ဖြစ်ပွားကြောင်း၊ ယင်းအိမ်မှ ကလေးငါးဦးထက်မနည်း သေဆုံးသွားကြောင်း၊ သေဆုံးသူကလေးများမှာ အသက် လေးနှစ်မှ ၁၁နှစ်အတွင်း ရှိသူများဖြစ်ကြကြောင်း၊ သုံးနာရီကြာ မီးလောင်ကျွမ်းစဉ် ကလေးများမှာ သော့ခတ်ထားသည့် နေအိမ်အတွင်း ပိတ်မိကာ သေဆုံးရခြင်းဖြစ်ကြောင်း အိမ်နီးနားချင်းများ၏ ပြောကြားချက်ကို ကိုးကားလျက် ဒီဇက်ဘီဘီအသံလွှင့်ဌာနက ကြေညာသည်။

သေဆုံးသူ ကလေးများ၏ ၁၂နှစ်အရွယ်ရှိ အစ်ကိုအကြီးဆုံးဖြစ်သူသည် မီးတောက်များကြားမှ လွတ်မြောက်ရန် ဒုတိယထပ် အိမ်ပြတင်းပေါက်မှ ခုန်ချရာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

ဖယောင်းတိုင် မီးမှ စတင်လောင်ကျွမ်းရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြော ကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ အိုလံပစ်အားကစားပြိုင်ပွဲအတွက် အထူးပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာတစ်မျိုးကို ဇန်နဝါရီ ၆ရက်က ပြသစဉ်။

(ဓာတ်ပုံ-ပေကျင်းရီဗျူး)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားကာ အလှူငွေကျပ် ခြောက်သိန်း ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တည်ဆောက်နေခြင်းဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအဆောက်အအုံအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီး–တစ်တီတူးလမ်း၊ ပေါက်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးက တံတားတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့်တာဝန်ရှိသူများ၊ ဒေသခံများသည် တံတားတစ်လျှောက် ကြည့်ရှုကြသည်။ အဆိုပါတံတားသည် အလျားပေ ၈၀၊ အနံ ၁၁ ပေရှိ သစ်သားတံတားဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ညောင်ပင်ကြီးကွင်း ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၀၆–၂၀၀၇ ပညာရေးစုံညီပွဲတော်ကို တက်ရောက် အားပေးသည်။

စာကြည့်တိုက်ဖွင့်ပွဲ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ကညွတ်ကုန်းကျေးရွာ ထွန်းမြတ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေကျပ် တစ်သိန်း၊ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ သတင်းစာ၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ ဝေဠုဝန်ကျောင်း၌ ဒေသခံများအား တွေ့ဆုံ အမှာစကားပြောကြားသည်။ ထို့နောက် တပ်စုကျေးရွာအခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ထန်းပင်ကုန်းစံပြကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို တက်ရောက် အားပေးသည်။

အဆိုပါလမ်းကို မြို့နယ် စည်ပင်သာယာရေးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ပူးပေါင်းဖောက်လုပ်ပြီး အလျားပေ ၃၄၀၀၊ အကျယ် ၁၀ ပေရှိသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ဂွေးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား တွေ့ဆုံမှာကြားကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ကျားသေရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး ကျောင်းအတွက် အလှူငွေကျပ် ၁၇သိန်းပေးအပ်ကာ ရပ်မိရပ်ဖများအား လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါ ကျောင်းဆောင်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်ဆောက်လုပ်နေခြင်းဖြစ်သည်။

နေ့လယ်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ကညွတ်ကုန်းကျေးရွာ ထွန်းမြတ်စာကြည့်တိုက်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

ဆံတော်ရှင်မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ဆိုင်ရာ မော်တင်ဘုရားပွဲခင်းဆိုင်ခန်းများ၊ ခမောက်မော်ကမ်းခြေဆိုင်ခန်းများနှင့် ငွေတောင်ကမ်းခြေဈေးဆိုင်ခန်းများကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ရေဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ပေးဝေရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ဈေးကောက်လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ ဆိပ်ကမ်းကပ်ခ ကောက်ခံခြင်း၊ ပြင်ပဓာတ်ပုံရိုက်ခြင်းနှင့် ရုပ်ရှင်၊ ဇာတ်ပွဲကပြခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉နာရီတွင်လည်းကောင်း ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

မြတ်မော်တင် စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း–၀၄၂–၂၅၂၇၇၊ ၂၄၂၄၂၊ ၂၁၁၄၅၊ ၂၅၁၇၇ နှင့် ၂၄၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ရေးချုပ်ရုံး ဝန်ထမ်းဟောင်းများနှင့် မိသားစုများ စုပေါင်း၍ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို ဇန်နဝါရီ ၆ ရက်က လှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင် လက်ခံယူစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower Conference Hall ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များ အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးငွေပဒေသာပင် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုစမ်းထံ ငွေကျပ် ၁၆ သိန်းငါးသောင်းကို အလှူရှင်များကိုယ်စားမိဘဆရာအသင်း နာယက၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်လှိုင်ထွဏ်း ပေးအပ်လှူဒါန်းစဉ်။

(၁၂)

ဘက်စုံထူးချွန်ဆု

တာမွေမြို့နယ် အမက(၁၂)ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ ဒုတိယတန်း ဘက်စုံထူးချွန်ပထမဆု ရရှိသော မသက်ထားဇော်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သီသီသိန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့



“ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက်(၂၀၀၇)”

၂၀၀၇ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့မှ (၂၇)ရက်နေ့ (ပထမအကြိမ်)

(ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း)

၂၀၀၇ခုနှစ် မတ်လ (၁၇)ရက်နေ့မှ (၃၀)ရက်နေ့ (ဒုတိယအကြိမ်)

(ပြည်နယ်အားလုံး၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်းအလယ်ပိုင်း)

၂၀၀၇ခုနှစ် မေလ (၁၄)ရက်နေ့မှ(၂၇)ရက်နေ့ (တတိယအကြိမ်)

(ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း)

အသက်(၉)လမှ(၅)နှစ်အောက်ကလေးများအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြစို့

ငါးမင်းဆွေမှ ဒေါ်စုကြည်သို့

ငါးမင်းဆွေ

မစု နေကောင်းပါတယ်နော်။ တလောက မစုနေမကောင်းဘူး ကြားရလို့ကျွန်တော်စိတ်ပူမိပါတယ်။ မစုကျန်းမာရေးကောင်းကြောင်း သိရတော့မှ စိတ်အေးသွားပါတယ်။ မစု ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးကို အသက်ရာကျော်ရှည်စွာ လုပ်ကိုင်နိုင်ပါစေကြောင်း ကျွန်တော်ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

မစုရေ ... ကျွန်တော်မင်းဆွေဟာ ငါးမွေးမြူရေးလုပ်တဲ့အတွက် (ငါးမင်းဆွေ)လို့ ကလောင်အမည်တပ်ပြီး ဂျာနယ်တွေမှာ ဆောင်းပါးများ ရေးခဲ့ပါတယ်။ ၂၆-၁၁-၂၀၀၆ ရက်နေ့က သတင်းစာတွေမှာ **“၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့”**ဆိုတဲ့ ဆောင်းပါးကို မစု ဖတ်ရလိမ့်မယ်လို့ ထင်ပါတယ်။ ၈၈ မျိုးဆက် ကျောင်းသား ကိုဂျင်မီက အဲဒီဆောင်းပါးကို ကြိုဆိုပါကြောင်း RFAမှာ ပြောသွားပါတယ်။ RFAက ဒီ ဆောင်းပါးဟာ ယဉ်ယဉ်ကျေးကျေးနဲ့ ဆွေးနွေးတဲ့ပုံစံမျိုးဖြစ်တယ်လို့ မှတ်ချက်ပေးသွားပါတယ်။ အဲဒီ ဆောင်းပါးကို ဘယ်လိုမြင်ပါသလဲ မစု။

မစုရဲ့အမည် အောင်ဆန်းစုကြည်ကို ကျွန်တော် ငါးနှစ်သားမှာ စကြားခဲ့ရပါတယ်။ ကျောင်းမှာ အာဇာနည်နေ့ ဟောပြောပွဲလုပ်တော့ ဆရာမဒေါ်အမာစိန်က နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးလှူသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းမှာ အောင်ဆန်းဦးနှင့် အောင်ဆန်းစုကြည်ဆိုတဲ့ သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့တယ်လို့ ပြောပြပါတယ်။ အဲဒီကတည်းက ဖခင်ဗိုလ်ချုပ်ရဲ့ သားသမီးနှစ်ယောက်ဟာ တစ်နေ့မှာ ဖခင်ဗိုလ်ချုပ်လိုပဲ နိုင်ငံ့အကျိုးပြုလိမ့်မယ်လို့ ကလေးအတွေးနဲ့ တွေးထင်ခဲ့မိပါတယ်။ ဖခင်ကြီး မရှိတော့ပေမယ့် ကျန်ရစ်ခဲ့တဲ့ အစ်ကိုကြီးနှင့် အစ်မကြီးတို့ကို ကျွန်တော် ကလေးဘဝကတည်းက ယုံကြည်အားကိုး မျှော်လင့်မိခဲ့ပါတယ်။

မစုရေ...မဆလခေတ်မှာ ကျွန်တော့်ဖေဖေက ကျိုက္ခမီမှာ ဆားလုပ်ငန်းလုပ်ပါတယ်။ ထွက်သမျှ ဆားအားလုံးကို နိုင်ငံတော်သို့ တစ်ပိဿာ ၁၂ ပြားဈေးနဲ့ ရောင်းရပါတယ်။ ဒီဈေးနဲ့ ရောင်းရတော့ အရှုံးပေါ်ပြီး အဖေ့မှာလည်း အကြွေးတွေ ဝိုင်းနေတာပေါ့။ ဒါကြောင့် ကိုယ်ထုတ်လုပ်ထားတဲ့ဆားကို ပြင်ပသို့ ခိုးရောင်းရတယ်။ ပြင်ပပေါက်ဈေးက ပြား ၃၀ ကနေ ပြား ၅၀ အထိ ရှိပါတယ်။ ဒီလို ကိုယ့်ပစ္စည်းကိုယ် ပြင်ပရောင်းလို့ ဖမ်းမိရင် ဆားကွင်းလည်း အသိမ်းခံရပါမယ်။ ထောင်လည်း ခုနစ်နှစ်အထိ ကျနိုင်ပါတယ်။ အဲဒီအချိန်က ဆယ်ကျော်သက် ကျွန်တော်ဟာ ဖေဖေထောင်ကျမှာကို စိတ်ပူနေရတယ်။ ဆားကွင်းအသိမ်းခံသွားရရင် ဘာနဲ့စားရမလဲ။ ဘယ်လိုကျောင်းဆက်နေနိုင်မှာလဲလို့ တွေးပူနေရတယ်။ ဒါကြောင့် အဲဒီကစပြီး တစ်နိုင်ငံလုံးစီးပွားရေးကို ဗဟိုကချုပ်ကိုင်ထားတဲ့ မဆလအစိုးရကို မုန်းတီးခဲ့ရပါတယ် မစု။

မစုရေ... ကျွန်တော် ၁၀ တန်းနှစ် ၁၉၇၄ ဒီဇင်ဘာမှာ ဦးသန့်အရေးအခင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ အ-ထ-က(၁)လမ်းမတော် (စိန်ဂျွန်း)ကျောင်းကနေ ဦးသန့်ရုပ်အလောင်းထားတဲ့ ကျိုက္ကဆံကွင်းသို့ ရောက်သွားပါတယ်။ တက္ကသိုလ်ကျောင်းသားကြီးတွေက ဦးသန့်ရုပ်အလောင်းကို လုယူလိုက်ကြပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ ယူဆောင်လာကြပါတယ်။ ကျွန်တော်ဟာ အဲဒီလူအုပ်ကြီးနဲ့အတူ မျောပါလာခဲ့ပါတယ်။ ဦးသန့်အရေးအခင်းမှာ ၁၀ တန်းကျောင်းသား ကျွန်တော်ဟာ ဝေလေလေ အခန်းက ပါဝင်ခဲ့ပါတယ်။ ၁၉၇၅ မှာ ကျွန်တော် ၁၀ တန်းအောင်ပြီး ဘူမိဗေဒ အဓိကနဲ့ ရန်ကုန်တက္ကသိုလ်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒဂုံဆောင်ကျောင်းသား ၁၅ ယောက်ဟာ ဂျပ်ဆင်အဆောက်အအုံရှေ့မှာ သစ္စာပြုသက်သေတည်ပြီး ဂျပ်ဆင်အဖွဲ့ကို ဖွဲ့ခဲ့ကြပါတယ်။ မှိုင်းရာပြည့် အရေးအခင်းမဖြစ်မီညမှာ ကျွန်တော်တို့ ဒဂုံဆောင်က ဂျပ်ဆင်အဖွဲ့တွေနဲ့ တက္ကသိုလ်ဝင်းထဲက အဆောင်ကျောင်းသားတစ်ရာကျော်ဟာ သမိုင်းဆောင်ဘက်ကို ချီတက်ပြီး သမိုင်းဆောင်က စက်မှုတက္ကသိုလ်ကျောင်းသားတွေကို စည်းရုံးဟောပြော ကြပါတယ်။ နောက်နေ့မှာတော့ ရန်ကုန်တက္ကသိုလ်ဝင်းကို အခြေပြုပြီးမှိုင်းရာပြည့်အရေးအခင်း ပေါ်ပေါက်ခဲ့ပါတယ်။ မှိုင်းရာပြည့် အရေးအခင်းအပြီးမှာတော့ ကျွန်တော်ဟာအင်းလျားမြေကို မခွဲချင်ဘဲ ခွဲခွာခဲ့ရပါတယ် မစု။

မစုရေ...ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလောကထဲ ရောက်ခဲ့တဲ့ ကျွန်တော်ဟာ မဆလခေတ်မှာ တိုင်းပြည်ရဲ့ စီးပွားရေးချွတ်ခြုံကျနေမှုကို ကိုယ်တိုင်ကိုယ်ကျတွေ့လာရပါတယ်။ ပုဂ္ဂလိကစီးပွားရေးကို နှိပ်ကွပ်ထားတဲ့ မဆလအစိုးရကိုလည်း တော်တော်မကျေမနပ်ဖြစ်မိတယ်။ ကျွန်တော်ဟာ မွန်ပြည်နယ်က မဆလပါတီလူကြီးတွေ လွှတ်တော်အစည်းအဝေးသွားတဲ့အခါ အိမ်ကဟိုင်းလပ်ကားနဲ့ မောင်းပို့ရပါတယ်။ မဆလလူကြီးတွေက ကျွန်တော့်ကို သဘောကျကြတယ်။ ပါတီဝင်ဖို့ ပြောပါတယ်။ နေရာပေးမယ်လို့လည်း ပြောပါတယ်။ ကျွန်တော်က မဆလပါတီရဲ့ စီးပွားရေးမူဝါဒတွေကို အယုံအကြည်မရှိကြောင်း၊ ပုဂ္ဂလိကစီးပွားရေးကို အားပေးစေချင်ကြောင်း၊ ကျွန်တော်လည်းပါတီမဝင်နိုင်ကြောင်း ပွင့်လင်းရိုးသားစွာ ပြောခဲ့ပါတယ်။

မစုရေ...ရှစ်လေးလုံးနေ့ မရောက်ခင်ကတည်းက ကျွန်တော်နဲ့ ကျိုက္ခမီသားအချို့တို့ဟာ အရေးအခင်းပေါ်ပေါက်အောင် မြို့ထဲလှည့်လည်လှုံ့ဆော်ခဲ့ကြပါတယ်။ အရေးအခင်းသာမဖြစ်ခဲ့ရင် ကျွန်တော်တို့ အဖမ်းခံရမှာ သေချာပါတယ်။ ရှစ်လေးလုံးဖြစ်တဲ့ညမှာ ကျိုက္ခမီမြို့လယ်ကောင်က ဓမ္မာရုံသပိတ်စခန်းထဲမှာ မဆလပါတီ၊ ကောင်စီဝင်တချို့ကိုပါ ထူးဆန်းစွာ တွေ့လိုက်ရပါတယ်။ ကျွန်တော်က နေ့လယ်ကပဲ ပြည်သူလူထုက “ပါတီကောင်စီအလိုမရှိ”လို့ ကြွေးကြော်ခဲ့ကြတယ်၊ ဒါ့ကြောင့် ဦးတို့ပါတီကောင်စီတွေသပိတ်စခန်းထဲက ထွက်ပေးပါလို့ ယဉ်ယဉ်ကျေးကျေးပဲ ပြောလိုက်ပါတယ်။ ကျွန်တော့်စကားကြောင့် အဲဒီပါတီကောင်စီဝင်တွေနဲ့ သူတို့ဆွေမျိုးအသိုင်းအဝိုင်းတွေက ဒေါသူပုန်ထပြီးတုတ်ဆွဲကြကာ ကျွန်တော့်ကို ရိုက်ဖို့လုပ်ကြပါတယ်။ သပိတ်စခန်းထဲကနေ ကျွန်တော့်ကို အတင်းအဓမ္မ ဆွဲထုတ်တွန်းထုတ်ကြတယ်။ သပိတ်ကို ဆန့်ကျင်ရင် ပြင်းထန်စွာ အရေးယူမည်ဟု အသံချဲ့စက်နဲ့ ပြောပါတယ်။ ပြင်းထန်စွာ အရေးယူမယ်ဆိုတာ သတ်ပစ်မယ်လို့ပြောမှန်း ကျွန်တော်သိပါတယ်။ သူတို့ ဘယ်လိုပဲ ခြိမ်းခြောက်ပေမယ့် ကျွန်တော်နောက်လှည့်မပြန်ဘဲ သူတို့ရဲ့ မိုက်ကရိုဖုန်းကိုပေးဖို့ တောင်းတယ်။ သူတို့က မပေးဘူး။ ကျွန်တော်က မင်းတို့ပြောချင်တာပြောပြီး ငါ့ကိုတော့ ပေးမပြောတာ မင်းတို့တောင်းတဲ့ ဒီမိုကရေစီလားလို့ မေးလိုက်တယ်။ ဒီတော့မှ သူတို့အထဲက လူတစ်ဦးက မိုက်ကရိုဖုန်းကို ပေးလိုက်ပါလို့ပြောလာတယ်။ ကျွန်တော်လည်း မိုက်ကရိုဖုန်းကိုကိုင်ပြီး “ပါတီကောင်စီအလိုမရှိ”ဆိုတဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာသောအားဖြင့် သပိတ်စခန်းထဲမှာရှိနေတဲ့ ပါတီကောင်စီဝင်များ အပြင်ထွက်ပေးကြပါလို့ တစ်မြို့လုံးကြားအောင် မိုက်ကရိုဖုန်းနဲ့ ပြောလိုက်တယ်။ ဒီလိုမြို့လယ်ကောင်မှာ ရုတ်ရုတ်သဲသဲဖြစ်နေလို့ အနီးအနားက လူတွေစုလာပြီးကျွန်တော့်နောက်ကို ရောက်လာကြပါတယ်။ ကျွန်တော့်နောက်မှာရှိနေတဲ့ လူအုပ်က မင်းဆွေပြောတာမှန်တယ်လို့ အော်ကြတယ်။ အဲဒီရှစ်လေးလုံးညက ကျိုက္ခမီ လူထုကောင်းလို့ ရှစ်လေးလုံးအရေးအခင်းမှာ ကျွန်တော်ဈေးဦးပေါက် အသတ်မခံရတာပါ မစု။

မစုရေ . . .သပိတ်စခန်းမှာ ကျွန်တော်ဟာ ဒီမိုကရေစီနည်းလမ်းအတိုင်း ကျွန်တော့်သဘောဆန္ဒကို ယဉ်ယဉ်ကျေးကျေး တင်ပြတာပါ။ အဲဒါကို သူတို့က တုတ်ဆွဲဓားဆွဲ လုပ်ကြတယ်။ အဲဒီလို ဒီမိုကရေစီ စကားဝိုင်းမှာ တုတ်ဆွဲ၊ ဓားဆွဲလုပ်ကြတဲ့ အကြမ်းဖက်စိတ်ဓာတ်ရှိသူတွေဟာ ရှစ်လေးလုံး အရေးအခင်းအပြီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ထဲ ဝင်သွားကြတာ အံ့သြဖွယ်မကောင်းဘူးလား မစု။ ရှစ်လေးလုံး အရေးအခင်းမှာ တစ်နိုင်ငံလုံး အကြမ်းဖက်ဆူပူလူသတ်ပွဲတွေ ဖြစ်ခဲ့ကြတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် မစုတို့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာ ဒီလို အကြမ်းဖက်စိတ်ဓာတ်ရှိတဲ့ လူမျိုးတွေ ဘယ်လောက်များများ ပါဝင်နေသလဲဆိုတာ မစုဟာ ပညာတတ်တစ်ယောက်ဖြစ်လို့ တွေးကြည့်ရုံနဲ့သိနိုင်ပါတယ်နော်။ ဒီလို ထစ်ခနဲဆို တုတ်ဆွဲဓားဆွဲ အကြမ်းဖက်စိတ်ဓာတ်ရှိတဲ့လူ တော်တော်များများ ပါဝင်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာ နိုင်ငံတော်အာဏာကိုရသွားရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တုတ်ဆွဲဒီမိုကရေစီအဖွဲ့ချုပ် ဖြစ်မသွားနိုင်ဘူးလား မစု။

မစုရေ... ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံရွေးကောက်ပွဲကြီး ကျင်းပခဲ့ကြတယ်။ ကျွန်တော့်ဇာတိ ကျိုက္ခမီ [သံဖြူဇရပ်အမှတ်(၁)မဲဆန္ဒနယ်မြေ]မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က ဦးမောင်မောင်ကြီးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဦးတင်ထွန်းတို့ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်ခဲ့ကြပါတယ်။ NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီးဟာ ကျိုက္ခမီ နယ်သားမဟုတ်ပါဘူး။ ကျိုက္ခမီသားတွေကလည်း သူ့ကို မသိကြပါဘူး။ သူ့ရဲ့အရည်အချင်းနဲ့ ကိုယ်ကျင့်တရားကိုလည်း မသိရှိကြပါဘူး။ မဲရုံမှာ ကပ်ထားလို့သာ ဦးမောင်မောင်ကြီးဟာ ဒုတိယဗိုလ်မှူးကြီး(အငြိမ်းစား) ဖြစ်တယ်လို့ အကြမ်းဖျင်းလောက်ပဲ သိရပါတယ်။

တစည ကိုယ်စားလှယ် ဦးတင်ထွန်းကတော့ ကျိုက္ခမီနယ်သားပါ။ သူ့ဖခင်ဟာ သူကြီးတစ်ယောက် ဖြစ်ခဲ့ပြီး နိုင်ငံလွတ်လပ်ရေးရခါစက ကျိုက္ခမီနယ်ကို သောင်းကျန်းသူ စိုးမိုးထားစဉ်မှာ ဦးတင်ထွန်းရဲ့ ဖခင်ဟာ ကျုံကဒါတ်ရွာကြီးကို လက်နက်ကိုင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သူဖြစ်ပါတယ်။ ဦးတင်ထွန်းဟာ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ပါတယ်။ အသက်လည်း ၄၀ ကျော်ပဲ ရှိပါသေးတယ်။ သူဟာ မဆလပါတီယူနစ်ဥက္ကဋ္ဌဖြစ်ခဲ့ပါတယ်။ မဆလခေတ်မှာ ကျိုက္ခမီသံဖြူဇရပ်နယ်ဟာ မှောင်ခိုစီးပွားရေးကောင်းခဲ့ပါတယ်။ ဒါပေမယ့် ဦးတင်ထွန်းဟာ ကိုယ်ကျိုးမရှာခဲ့ပါဘူး။ ကိုယ်ပိုင်အိမ်တောင်မရှိခဲ့ပါဘူး။ မြို့စွန်က ခြင်ယယ်လေးထဲမှာ ဝါးတဲငယ်နဲ့ နေထိုင်ခဲ့ပါတယ်။ ဦးတင်ထွန်းဟာ သူ့ဘဝကို မဆလပါတီနိုင်ငံရေးထဲမှာ မြှုပ်နှံထားသူဖြစ်တာမို့ သူ့အမျိုးသမီးနဲ့လည်း နှစ်နဲ့ချီပြီး သီးခြားစီနေထိုင်ကြပါတယ်။ သားသမီးလည်းမရှိပါဘူး။ ဦးတင်ထွန်းဟာ ကိုယ်ကျိုးမရှာတတ်တဲ့ ဒေါင်ဒေါင်မြည်နိုင်ငံရေးသမားတစ်ယောက်ဖြစ်တယ်ဆိုတာကို ကျိုက္ခမီနယ်သားတွေ သိကြပါတယ်။ ဒါက NLD ပါတီကိုယ်စားလှယ် ဦးမောင်မောင်ကြီးနှင့် တစည ကိုယ်စားလှယ် ဦးတင်ထွန်းတို့ကို လူပုဂ္ဂိုလ်ချင်း နှိုင်းယှဉ်ပြတာပါ မစု။

မစုရေ... မစုရဲ့ NLD နဲ့ တစညပါတီတို့ကိုလည်း ပါတီချင်း နှိုင်းယှဉ်ကြည့်ရအောင်။ **NLD ဟာ ယခုမှ တက်သုတ်ရိုက်ပြီး ဖွဲ့စည်းခဲ့တဲ့ပါတီဖြစ်တယ်။ နိုင်ငံရေးအတွေ့အကြုံမရှိသေးပါဘူး။ NLD ပါတီဝင်တော်တော်များများဟာ NLDရွေးကောက်ပွဲနိုင်မယ်ဆိုတာ ရိပ်စားမိလို့ NLD အနိုင်ရရင် ငါတို့လည်း အကျိုးရှိမယ်ဆိုတဲ့ ကိုယ်ကျိုးရှာအတ္တစိတ်နဲ့ NLD ထဲ ဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ခေတ်စကားနဲ့ ပြောရရင် အဲဒီအချိန်က NLD ပါတီဝင်တော်တော်များများဟာ သာကူးတွေ၊ သာပေါင်းတွေ ဖြစ်ကြပါတယ်။**

တစညပါတီကတော့ တစ်ချိန်က စီးပွားရေးမူဝါဒ အလွဲအမှားတွေနဲ့ တိုင်းပြည်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်အောင် လုပ်ခဲ့တဲ့ မဆလပါတီကို အမည်ပြောင်းထားတဲ့ ပါတီဖြစ်တယ်။ သို့သော် တစညဟာ သူတို့ပါတီရဲ့ အမှားတွေကိုသိခဲ့ပြီး စီးပွားရေးမူဝါဒတွေကို ပြောင်းခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးရန်၊ ဈေးကွက်စီးပွားရေးကို ဖော်ဆောင်ရန် မူဝါဒချမှတ်ခဲ့တယ်။ တစညပါတီဟာ နိုင်ငံရေးအတွေ့အကြုံ အနှစ် ၂၀ ကျော် ရပြီးလည်းဖြစ်တယ်။ တင်စားပြီးပြောရရင် NLDဟာ ပျိုမျစ်နုငယ်တဲ့ ဆယ့်ခြောက်နှစ်သမီး အပျိုစင်လေးတစ်ယောက်နဲ့တူတယ်။ တစညကတော့ မိမိအမှားကြောင့် အိမ်ထောင်ပျက်သွားရတဲ့ တစ်ခုလပ်အမျိုးသမီးနဲ့တူတယ်။ ဒါကြောင့် ဦးနှောက်နဲ့ဆုံးဖြတ်ရွေးချယ်မယ်ဆိုရင် တစညကိုပဲ ရွေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သို့သော်လည်း ဆယ့်ခြောက်နှစ်သမီး NLD အပျိုစင်လေးဟာ အဲဒီတုန်းက မြန်မာလူထုကို ရင်ခုန်စေခဲ့တာတော့ အမှန်ပါပဲ မစု။

မစုရေ...ရွေးကောက်ပွဲမတိုင်မီ ကျွန်တော်ခရီးသွားစရာရှိလို့ ကြိုတင်ဆန္ဒမဲထည့်သွားခဲ့ရတယ်။ ကျွန်တော်မဲပေးလိုက်တာကတော့ တစည ကိုယ်စားလှယ်ဦးတင်ထွန်းကိုပါပဲ။ မစုသာ ကျွန်တော့်နေရာမှာဆိုရင် ဘယ်ပါတီကိုယ်စားလှယ်ကို မဲပေးမလဲ မစု။ မစုဟာ ကျွန်တော့်ထက် ပညာတွေ အများကြီးတတ်ပါတယ်။ နိုင်ငံတကာ အတွေ့အကြုံလည်း အများကြီးရှိပါတယ်။ ဒါ့ကြောင့် မစုဟာ ကျွန်တော့်လိုပဲ တစည ကိုယ်စားလှယ် ဦးတင်ထွန်းကိုပဲ မဲပေးလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

ရွေးကောက်ပွဲရဲ့ အဖြေကတော့ မစုသိတဲ့အတိုင်း NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီး အနိုင်ရပါတယ်။ ကျိုက္ခမီနယ်သားတို့ ဘာမသိညာမသိတဲ့ NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီး အနိုင်ရတာကို ကြည့်ခြင်းအားဖြင့် NLD ကနေ အရွေးခံပါရင် မည်သူမည်ဝါပဲဖြစ်ဖြစ် အနိုင်ရမယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ကျိုက္ခမီနယ်သားအများစုဟာ ဆယ့်ခြောက်နှစ်သမီး NLD အပျိုစင်လေးကို ရင်ခုန်စွဲမက်စိတ်လှုပ်ရှားပြီး နှလုံးသားနဲ့ ဆုံးဖြတ်မဲပေးခဲ့ကြပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ဆုံးဖြတ်တာကို ကျွန်တော်မပြောလိုပါဘူး။ အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ဆုံးဖြတ်မိလို့ ထိခိုက်စရာရှိရင်လည်း ဆုံးဖြတ်သူတစ်ယောက်တည်းကိုသာ ထိခိုက်မှာပါ။ နိုင်ငံရေးမှာ ဒိန်းတလိန်းနတ်အဖမ်းစားခံရပြီး နှလုံးသားနဲ့ဆုံးဖြတ်ကြရင်တော့ နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာစေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ် မစု။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ မြစ်ကြီးနား၊ မြိတ်နှင့် စစ်တွေမြို့တို့၌ အသီးသီးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့ အားကစားကွင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အလားတူ တနင်္သာရီတိုင်း မြိတ်မြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီခွဲတွင် ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် အင်း၀(၉)လမ်းနေ ဒေါ်အုန်းသွင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပူဇော်ပွဲကြီးကို ရန်ကုန်တောင်ပိုင်းခရိုင်နှင့် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ဦးဆောင်မှုဖြင့် စေတီတော်မြတ်ဂေါပကအဖွဲ့မှကြီးမှူး၍ ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ရွှေသင်္ကန်း ကပ်လှူပွဲ၊ ထမနဲထိုးပွဲများအပြင် ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များ ကြွရောက်ကြည်ညိုပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ န၀မအကြိမ်မြောက် သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲကို ဇန်နဝါရီ ၁၃ရက် (စနေနေ့)နံနက် ၁၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခဦးသိန်းရွှေ ဖုန်း–၅၃၄၇၇၂ထံသို့ ဆက်သွယ်ပေးပို့လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က–ပ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုနည်း(အခြေခံအဆင့်) သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ကျောင်းကြက်ခြေနီ ရှေးဦးပြုစုနည်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဦးဆောင်မှုဖြင့် ခရမ်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူး၍ ခရမ်းမြို့နယ် ကြက်ခြေနီတပ်ရင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းကြက်ခြေနီ ရှေးဦးပြုစုနည်း (အခြေခံအဆင့်) သင်တန်းများဆင်းပွဲကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေနှင့် ခရမ်းမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်စိုးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှတို့က လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်းတွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ သင်တန်း လေးကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊သင်တန်းသူ ၃၃၉ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ သုံးခွမြို့နယ် ကြက်ခြေနီ အသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း(ဆင့်ပွား) သင်တန်းနှင့် အခြေခံ ရှေးဦးပြုစုခြင်း သင်တန်းများ ဆင်းပွဲကို ယင်းနေ့ နံနက်ပိုင်းက သုံးခွမြို့နယ်၌ ကျင်းပခဲ့ကြောင်း၊ အဆိုပါ သင်တန်းများကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၂၄ရက် အထိ ၁၁ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၅၁၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ ဆုံးဖြတ်တာကို ကျွန်တော်မပြောလိုပါဘူး။ အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ ဆုံးဖြတ်မိလို့ ထိခိုက်စရာရှိရင်လည်း ဆုံးဖြတ်သူတစ်ယောက်တည်းကိုသာ ထိခိုက်မှာပါ။ နိုင်ငံရေးမှာ ဒိန်းတလိန်းနတ်အဖမ်းစားခံရပြီး နှလုံးသားနဲ့ဆုံးဖြတ်ကြရင်တော့ နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာစေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ် မစု။

မစုရေ ယခုအခါ အသက် ၄၀ ကျော် ၅၀ ကျော် ရောက်နေကြပြီဖြစ်တဲ့ ကျွန်တော့်လို မြန်မာနိုင်ငံသားတွေဟာ ကလေးဘဝကတည်းက ဖခင်ဗိုလ်ချုပ်ရဲ့သမီး အစ်မကြီးမစုကို အားကိုးတကြီး မျှော်လင့်ခဲ့ကြပါတယ်။ ကျွန်တော်တို့အရွယ်ရောက်ပြီး မဆလစနစ်ကြောင့် ဒုက္ခသုတ်ခဖြစ်နေရချိန်မှာလည်း မစုကိုတမ်းတဆဲပါပဲ။ ဒါပေမယ့် မစုက ပေါ်မလာခဲ့ဖူးနော်။

လူပေါ်လာဖို့ နေနေသာသာ ချောင်းဟန့်သံလေးတစ်ချက်တောင် မကြားခဲ့ရပါလား မစုရယ်။ မဆလခေတ်က တိုင်းပြည်ကြီးစီးပွားရေး ချွတ်ခြုံကျပြီး မြန်မာနိုင်ငံသားတွေ ဒုက္ခဆင်းရဲရောက်နေတဲ့အချိန်၊ နိုင်ငံတော်ကြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်သွားတဲ့အချိန်၊ နိုင်ငံအနှံ့မှာလည်း စစ်မီးတွေတောက်လောင်ပြီး နိုင်ငံသားတွေသေကျေနေရတဲ့ အချိန်တွေမှာ မစုကို ကျွန်တော်တို့ အားကိုးတကြီး မျှော်လင့်မိပါတယ်။ BBC, VOA တို့ကို ကျွန်တော်နေ့တိုင်းလိုလို နားထောင်ပါတယ်။ မစုရဲ့အသံကို တစ်ခါမှမကြားမိပါလား မစုရယ်။ “ကျွန်မတို့မြန်မာပြည်သူတွေ ဒုက္ခရောက်နေကြပြီ။ ပုဂ္ဂလိကစီးပွားရေးကို အားပေးပါ၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပါ”လို့ အင်္ဂလန်မှာ နေထိုင်တဲ့ မစုကသာ BBCကနေ အော်လိုက်ရင် မစုအဖေကို လေးစားကြည်ညိုခဲ့ကြတဲ့၊ အဲဒီအချိန်က တာဝန်ယူနေကြတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ နားဝင်ကောင်းနားဝင်နိုင်ကြပါလိမ့်မယ်။ ကျွန်တော်တို့လည်း ဝမ်းသာအားတက်မိနိုင်မှာပါ။ ဒါပေမယ့် အဲဒီတုန်းက ဆင်းရဲ ဒုက္ခရောက်နေတဲ့ ကျွန်တော်တို့နိုင်ငံသားတွေအတွက် မစုက ဘာမှ လှုပ်ရှားမှု မလုပ်ခဲ့ဘူးနော်။ မစုဟာ အင်္ဂလန်ပြည်ကြီးမှာနေပြီး ကျွန်တော်တို့ကို မေ့လျော့ပစ်ပယ်ထားရက်တယ်နော်။ ငယ်ငယ်တုန်းက မစုကိုအားကိုးတကြီး မျှော်လင့်မိတာကို တွေးမိတဲ့အခါ ကျွန်တော်ဝမ်းနည်း မျက်ရည်ဝဲခဲ့ရပါတယ်။ ဒီလို မစုကို မျှော်ကိုးမိခဲ့တဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ အပြစ်တင်မိပါတော့တယ်။

မစုရေ...ရှစ်လေးလုံးအရေးအခင်းကြီး ပေါ်ပေါက်ပြီး မဆလအစိုးရ ပြုတ်ကျမယ်ဆိုတာ သေချာသလောက်ရှိတော့မှ မစုလည်း ခါတော်မီ ပေါ်တော်မူခဲ့တယ်နော်။ ယခုဆို မစု ပေါ်တော်မူခဲ့တာ ၁၈နှစ်ကျော်ခဲ့ပါပြီ။ ဒီ ၁၈ နှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံသားတွေဟာ မစုပြောတဲ့၊ မစုဟောတဲ့ ဒီမိုကရေစီဆိုတာကို နာကြားရ၊ ဖြေရှင်းရ၊ ငြင်းခုံနေကြရပါတယ်။

ဒီလိုတစ်ချိန်တည်းမှာပဲ တစ်ပါတီစနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့မှာ ဘာနိုင်ငံရေးပြဿနာမှမရှိလို့ ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ မြန်မာနိုင်ငံမှာကျတော့ မစုလုပ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေ ရှိတာမို့ စီးပွားရေးပိတ်ဆို့တာတွေ ခံနေရပါတယ်။ မစုယူလာတဲ့ ချည်ခင်ရှုပ်ကြီးကို ရှင်းမနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေ သူများနောက်ရောက်ကုန်ကြပါပြီ။ တကယ်လို့သာ ရှစ်လေးလုံးအရေးအခင်းမှာ မစုဟာ ပေါ်တော်မမူခဲ့ဘဲ အစ်ကိုကြီးအောင်ဆန်းဦးလို နိုင်ငံခြားမှာပဲရှိနေခဲ့ပါလျှင် တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လို ၁၉၈၈ခုနှစ်ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ယခုလောက်ဆို ဖွံ့ဖြိုးတိုးတက်နေပါပြီ။

ဒီအယူအဆဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ အယူအဆ မဟုတ်ပါဘူး။ ကျွန်တော်သိတဲ့ မြန်မာနိုင်ငံသားတိုင်း ဒီလိုပဲ ယူဆကုန်ကြပါပြီ။ ကျွန်တော်ဟာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှာရှိတဲ့ ကျေးလက်ဒေသတွေမှာ နှစ်ရှည်လများ စီးပွားရေးလုပ်ကိုင်ခဲ့ပါတယ်။ မစုပြဿနာရှာခဲ့တဲ့ ရွှေဘိုနယ်မှာတောင် ၂၀၀၃ ဖေဖော်ဝါရီမှ ဇူလိုင်လအထိ ကျွန်တော် နေထိုင်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်သော်လည်း ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးကဲ့သို့ ရိုးရိုးကုပ်ကုပ်ပဲနေပါတယ်။ အဆင့်အတန်းမခွဲခြားဘဲ ကိုယ့်နိုင်ငံသားတွေနဲ့ လက်ရည်တစ်ပြင်တည်းနေထိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေ၊ မြန်မာနိုင်ငံသားတွေရဲ့ စိတ်နေစိတ်ထား အကျင့်စရိုက်တွေ၊ တွေးခေါ်ဆင်ခြင်နိုင်မှုတွေနဲ့ ဆန္ဒသဘောထားတွေကို သိရှိခွင့်ရခဲ့ပါတယ် မစု။

မစုရေ... ကျွန်တော်သိသလောက်ပြောရရင် ဒီနေ့ မြန်မာနိုင်ငံသားတွေရဲ့ ဆန္ဒသဘောထားကတော့ ဟိုအရေး ဒီအရေးတွေကို ခဏဘေးဖယ်ထားပြီး နိုင်ငံတော်ကို တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လို ဖွံ့ဖြိုးတိုးတက်ချင်နေကြပါပြီ။ ဒါကြောင့် ဒီမိုကရေစီဘက်တော်သားတစ်ဦးဆိုတဲ့ မစုဟာ ကိုယ့်နိုင်ငံသားတွေရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာတယ်ဆိုပါရင် ဟိုအရေးဒီအရေးတွေ ခဏထားပြီး မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်သင့်ပါတယ်။ ၈၈မျိုးဆက်ကျောင်းသားလို့ ဆိုသူများနဲ့ မစုတို့နိုင်ငံရေးပါတီတွေဟာ ဟိုအရေး ဒီအရေးကို ကြည့်မနေဘဲ နိုင်ငံနှင့်လူမျိုးချမ်းသာ ကောင်းစားရေး တစ်ခုကိုသာကြည့်ပြီး လုပ်ဆောင်ကြမယ်ဆိုရင် မစုတို့ ပြောပြောနေတဲ့ “အမျိုးသား ရင်ကြားစေ့ရေး”သည် “ရင်ကြားစေ့”ရုံတင်မက “အမျိုးသား ရင်ချင်းကပ်ထားပြီးသား” ဖြစ်နေပါလိမ့်မယ် မစု။

မစုရေ... နောက်ဆုံးအနေနဲ့ မစုကို ကျွန်တော်ပြောချင်တာကတော့ လူညီလျှင် **“ဤ”** ကို **“ကျွဲ”** ဖတ် လို့ရသည်လို့ ဆိုရိုးစကားရှိပါတယ်။ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးသည် **“ဤ”** ဖြစ်ပါတယ်။ နိုင်ငံနှင့်လူမျိုးချမ်းသာကောင်းစားရေးဆိုသော **“ဤ”**ကို မစုတို့ NLDနဲ့ အပေါင်းပါတွေက ဩသံပေးကြွေးကြော်ပြီး ဒီမိုကရေစီဆိုတဲ့ **“ကျွဲ”**အဖြစ် မလုပ်ကြပါနဲ့တော့။ **“ဤ”**ကို **“ကျွဲ”**လုပ်နေကြရင်းနဲ့ပဲ ကျွန်တော်တို့ နိုင်ငံသားတွေ ဒုက္ခရောက်နေကြရပါပြီ။

မစုဟာနိုင်ငံနှင့်လူမျိုးကို ချမ်းသာကောင်းစားစေချင်တယ်ဆိုရင် ဒီနေ့ ဒီအချိန်အခါမှာ မစုမဖြစ်မနေလုပ်ရမှာကတော့ အရှင်းရခက်လှတဲ့ မစုရဲ့ **“အမယ်စုချည်ခင်”** ကြီးကို အိမ်နောက်ဖေးက အင်းလျားကန်ထဲသို့ လွှင့်ပစ်လိုက်ပါ။ ဒါဆိုရင် တိုင်းပြည်နှင့်လူမျိုးအတွက် အကောင်းဆုံးဖြစ်လာပါလိမ့်မယ်လို့ အကြံပြုလိုက်ရပါတယ်။ ။

❍ ညောင်တုန်းရေနံမှ

ရှင်းလင်းတင်ပြရာ ဝန်ကြီးက မအူပင်(တောင်) အစမ်းတွင်းကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ အခြားရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသည့် တိုက်ကြီး၊ ဥက္ကံ၊ပကွန်နှင့် အဖျောက်ဒေသတို့၏ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေး၊ တွင်းသစ်များ အမြန်ဆုံးတူးဖော်သွားနိုင်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တွင်းသစ်အမှတ်(၃၇)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ် အမှတ်(၃၇)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၃ဒသမ၁၂သန်းကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ကုဗပေ ၈သန်းကျော်နှင့် လေဆီ (Condensate) စည် ၇၂၀ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

ညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ စက်ရုံမှူး ဦးထွန်းလှိုင်က စက်များလည်ပတ်မောင်းနှင်မှုနှင့် သဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဓာတ်ငွေ့များအတွင်းပါရှိသောအမှုန့်များကို ၁၀မိနစ်လျှင် တစ်ကြိမ် စက်များဖြင့် သန့်စင်မှုတ်ထုတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် ကွေ့မသဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းသို့ ရောက်ရှိရာ ကြီးကြပ်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးသန်းစိန်က သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဆောင်ရွက်ထားရှိမှုများ၊ ပြန်လည်ဖြန့်ဖြူးမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃)ရပ်ကွက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းတိုးကြောင်ကလေးသို့ရောက်ရှိပြီး သဘာဝဓာတ်ငွေ့သုံး စက်ရုံများသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ထားမှုပိုက်လိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကြီးကြပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးသန်းစိန်က သဘာဝဓာတ်ငွေ့ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုနှင့် သန့်စင်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဆောင်ရွက်ထားရှိမှုကို လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရွာသာကြီးသဘာဝဓာတ်ငွေ့ထိန်း/ဖြန့် စခန်း၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဆောင်ရွက်ထားရှိမှုများတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး မော်ကျူးအသစ်များ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းနိုင်ဦးက အဆိုပါမော်ကျူးအသစ်များမှာ စက်ရုံသို့ ဇန်နဝါရီ ၃ရက်တွင်ရောက်ရှိခြင်းဖြစ်ကြောင်း၊ အမှတ်(၃)ဘွိုင်လာအတွင်း မော်ကျူးလေးခု ထည့်သွင်းပြီး ဖြစ်သဖြင့် မကြာမီကာလအတွင်း အမှတ်(၃)ဘွိုင်လာအတွင်းသို့ မော်ကျူးအသစ်နှစ်ခုထည့်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မော်ကျူးအားလုံး ထည့်သွင်းပြီးသည့်အခါ စက်စွမ်းအားပြည့် လည်ပတ်နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပြီး ပြည်သူများသို့ စက်စွမ်းအား အပြည့်အဝဖြင့် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

➪ အင်တာနက်သတင်းမှ

နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ သို့သော်လက်ဖက်ရည်တွင် နို့ထည့်၍သုံးစွဲပါက နို့တွင်ပါဝင်သော ကေဆင်(casein)ခေါ် ဓာတ်ပစ္စည်းက ကက်ချင်းဓာတ်ကို ခြေဖျက်ပစ်သည်။ ဤအခြေအနေကြောင့် နို့ပါသော လက်ဖက်ရည်သည် နှလုံးကျန်းမာရေးအတွက် အကျိုးမပြုခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုသုတေသနလုပ်ငန်းကို ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ချာရာတီဆေးရုံမှ သုတေသီ ဒေါက်တာဗာရီနာစတင်ဂယ်လ်က ဦးဆောင်ပြုလုပ်ခြင်းဖြစ်သည်။ အာရှနိုင်ငံများ၌ လက်ဖက်ရည်သောက်သုံးမှု များပြားပြီး ထိုဒေသများတွင် နှလုံးရောဂါဖြစ်ပွားမှု အခြေအနေသည် ဗြိတိန်နှင့် နှိုင်းစာလျှင် နည်းပါးနေသည်။ ဗြိတိန်နိုင်ငံတွင် လူအများစုသည် လက်ဖက်ရည်ကို နို့ထည့်၍ သောက်သုံးလေ့ရှိသည်။ ဗြိတိန်တွင် အဘယ်ကြောင့် နှလုံးရောဂါ ဖြစ်သူပို၍ များရသည်ကို ရှင်းလင်းဖော်ပြနေသကဲ့သို့ရှိသည်ဟု သုတေသီများက ဖော်ပြသည်။

သုတေသီစတင်ဂယ်လ်နှင့် အဖွဲ့သည် လက်ဖက်ရည်ကိုစူးစမ်းမှု ပြုလုပ်ရာ၌ လူသားများနှင့်စမ်းသပ်မှုပြုသကဲ့သို့ ကြွက်များနှင့်လည်း လေ့လာမှုပြုလုပ်ခဲ့သည်။ အစမ်းသပ်ခံ စေတနာရှင်များကို နို့မပါသောလက်ဖက်ရည်နှင့် နို့ပါသောလက်ဖက်ရည်ကို သောက်သုံးစေသည်။ ထို့နောက် အချိန်နှစ်နာရီကြာသောအခါ သွေးလွှတ်ကြောအကျယ်ကို တုန်ခါနှုန်းမြင့် အာထရာဆောင်းကိရိယာဖြင့် တိုင်းတာကြည့်ရာတွင် နို့မပါသော လက်ဖက်ရည်သောက်သုံးထားသူများ၏ သွေးလွှတ်ကြောများ၏ အခြေအနေမှာ ကောင်းမွန်သည်ကိုတွေ့ရပြီး နို့ပါသည့် လက်ဖက်ရည်ကို သောက်သုံးသူများ၌မူ အကျိုးထူးဖြစ်ပေါ်လာသည်ကို မတွေ့ရဟုဆိုသည်။

ကြွက်ငယ်များဖြင့် စမ်းသပ်ကြည့်ရာ၌လည်းအလားတူ အခြေအနေမျိုးကို တွေ့ရသည်ဟု သုတေသီများက ဇန်နဝါရီ ၉ ရက်ထုတ် အွန်လိုင်းဥရောပနှလုံးရောဂါဂျာနယ်တွင် ဖော်ပြခဲ့သည်။

ထိုအယူအဆကို မေရီလင်ဆေးတက္ကသိုလ်မှ ပညာရှင် ဒေါက်တာရောဘက်ဗိုဂါလ်ကလည်း ထောက်ခံသည်။ သို့ရာတွင် အချို့ပညာရှင်များကမူ ယခုပြုလုပ်သော လေ့လာမှုသည် အလွန်သေးငယ်သော နမူနာအပေါ်၌အခြေခံထားသော လေ့လာမှုမျိုးဖြစ်၍ အသေအချာအတည်ပြုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်လေ့လာသင့်သည်ဟု သုံးသပ်နေကြသည်။***(အင်တာနက်)***

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီကမ်းခြေရှိ Amazing Ngapali Resort ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (ဟိုတယ်ခရီး)

ငပလီကမ်းခြေဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၆ရက် ညနေပိုင်းတွင် ငပလီကမ်းခြေရှိ Amazing Ngapali Resort ၌ ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ငပလီကမ်းခြေသည် လူသိများထင်ရှားကျော်ကြားလှသော ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ငပလီကမ်းခြေဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက်ရှိကြောင်း၊ ငပလီကမ်းခြေဒေသ သန့်ရှင်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ငပလီကမ်းခြေဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်အချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များ ကြုံတွေ့နေရသော အခက်အခဲများရှိပါက ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ကူညီဖြေရှင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နား၊နှာခေါင်း၊လည်ချောင်းအထူးကုဆေးရုံကြီး ဓာတ်လှေကားတပ်ဆင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ဓာတ်လှေကား တပ်ဆပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ ဆေးရုံ၌ကျင်းပရာ ဒေါ်ဝင်းမိသားစု(အထည်ဆိုင်-ယုဇနပလာဇာ)က အလှူငွေကျပ် ငါးသိန်း၊ဦးစိန်မြင့်-ဒေါ်မြင့်သူမိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်လှမြင့်က အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏အကြိမ်(၂၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်တံဆိပ်ရ လူပုဂ္ဂိုလ်ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊မြို့နယ်သားများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နှိုးဆော်ထား

သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင်မိသားစုမှ (၇၅)နှစ်နှင့် အထက်ပုဂ္ဂိုလ်များစာရင်းကို မှတ်ပုံတင်မိတ္တူပူးတွဲ၍လည်းကောင်း၊ ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူအသင်းဝင် သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူပူးတွဲ၍လည်းကောင်း ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၀၉၉၉၂၄၃၆၃၊ ဦးဦးသာရွှေ ဖုန်း-၀၉၅၁၆၅၈၆၀၊ ဦးတင်လှ ဖုန်း - ၀၉၅၀၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉၅၀၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၂၄၁၀ တို့ထံ ဆက်သွယ်အကြောင်းကြားရန် အမှုဆောင်အဖွဲ့ကနှိုးဆော် ထားသည်။ (က-ပ)

NLD ပါတီ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုမရှိ ဘုတ်ပြင်းမြို့နယ် NLD ပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၉

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သူ ရွှေဘုံသာရပ်ကွက်နေ ဦးကျော်နိုင်(ခ)တိုက်ကူပါရီသည် ဒီဇင်ဘာ ၂၇ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း မိမိ၏သဘောဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

ဘုတ်ပြင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် မိမိသည် NLD ပါတီ၏ ရပ်တည်ချက်နှင့်လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုမရှိတော့ခြင်းကြောင့် မိမိ၏သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ရခိုင်ကမ်းလွန်၌ ရေနံအစမ်းတွင်းများတူးဖော်မည် ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန် သတိပေး

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-1)နှင့် (A-3)တို့၌ Geophysical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Geo Surveyorဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၂၅ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

Geophysical Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာနှင့် အချိန်ကာလများမှာ Location A Thandar #Point-1မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၃ မိနစ် ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၉ မိနစ် ၃၁ စက္ကန့်၊ Point-2မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၅ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၂ မိနစ် ၂၈ စက္ကန့်နှင့် Point-3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂ မိနစ် ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၁၄ စက္ကန့်နှင့် Point-4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၁၀မိနစ် ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၁ မိနစ် ၁၇ စက္ကန့်တွင် ဇန်နဝါရီ ၁၀ ရက်မှ ၂၂ရက်အထိ လည်းကောင်း၊ Location B Shwe CPP # 2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၄ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၈ စက္ကန့်မှ Sittwe မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၆ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၃၁ စက္ကန့်အထိကို ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ လည်းကောင်း၊ Location C Shwe CPP # 2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၄ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၈ စက္ကန့်မှ Made မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၅၅ စက္ကန့်အထိကို ဖေဖော်ဝါရီ ၃ရက်မှ ၂၃ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ်(A-1)နှင့်(A-3)တို့၌ တိုင်းတာရေးရေယာဉ် MV Geo Surveyorဖြင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင့်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်း သတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ငယ်များ၊ ကုန်တင် စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။

အလားတူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-3)၌ ရေနံအစမ်းတွင်း တူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် SEDCO-601ဖြင့် ဇန်နဝါရီ ၁၀ရက်မှ မေ ၁၀ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်မည့် တည်နေရာများမှာ Mya-02 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၂၉ ဒသမ ၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆မိနစ် ၃၁ ဒသမ ၅၂ စက္ကန့်၊ Mya-03 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၃ ဒသမ ၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၇မိနစ် ၅၃ ဒသမ ၁၂ စက္ကန့်၊ Kyauk Seine-01အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၉ မိနစ် ၃၈ ဒသမ ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၆ မိနစ် ၁၉ ဒသမ ၅၄ စက္ကန့်၊ Mya West-01 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၈ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၃၀ ဒသမ ၉၀ စက္ကန့်၊ Thandar-01အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂ မိနစ် ၅၈ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၁ မိနစ် ၅၂ ဒသမ ၈၁ စက္ကန့်တို့၌ ဖြစ်သည်။

သို့ဖြစ်ပါ၍ ရေနံတွင်းတူးစက် SEDCO-601ဖြင့် ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီး၊ငယ်များ၊ ကုန်တင် စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ဗုဒ္ဓဂယာမြေမြတ်မဟာဗုဒ္ဓ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းရန်အတွက် မင်္ဂလာဒုံဝါယာလက် အိမ်ခြေ ၅၀ နေ ဦးသိန်းလွင်-ဒေါ်သက်သက်ဟန်၊ သမီး သက်သစ္စာစံ၊ လွင်ရှင်းသန့်ဟန် မိသားစုတို့က ငွေကျပ် တစ်သိန်း တစ်သောင်းလှူဒါန်းရာ အကျိုးတော်ဆောင် ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင်ဂန္ဓသာရ ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှု စည်ပင်သာယာညွှန်ချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးကျော်စိုးတို့က လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် သစ်သားတံတား တည်ဆောက်ပြီးစီးမှုနှင့် စပါးရင်းတွင်းတံတား ပိုင်တိုင်ရိုက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် စပါးရင်းတွင်းတံတားမှ မိုင်တိုင်(၄၄/၀)အနီး ကျောက်ချောလမ်းခင်းနေမှုနှင့် ဘွက်ကြီးဆည်အနီး မိုင်တိုင်အမှတ်(၅၉/၀)အနီး ကျောက်ချောလမ်းခင်းနေမှုများကို စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မကွေးတိုင်း အိုင်မနက်ချောင်းမှစတင်၍ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးမြို့များကို ဖြတ်သန်းကာ အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအထိ ၇၅မိုင် ၃ဖာလုံဖြစ်ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ မြေသားလမ်း ၆၆မိုင် ၁ဖာလုံနှင့် ကျောက်ချောလမ်း ၅၆ မိုင် ၃ဖာလုံဖောက်လုပ်ပြီးစီးပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၇ မိုင် ၄ ဖာလုံနှင့် ကျန်ရှိသော ကျောက်ချောလမ်း ၁၈ မိုင် ၄ ဖာလုံ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သိမ်တော်ကြီးဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ ဝိသုံဂါမ သာသနပါလ သိမ်တော်ကြီး ဆောက်လုပ်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြည်ညိုနိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုသူများ အကျိုးဆောင်အဖွဲ့ ဖုန်း-၅၆၃၁၄၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုဇုန်(၁)ရပ်ကွက် ပုလဲလမ်း ရွှေပြည်သာမြို့နယ် နိဗ္ဗိန္ဒကျောင်းတိုက် အတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်ပုအားရည်စူး၍ ရန်ကင်း၊ (၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၄)နေ ဒေါ်ခင်စိန်၊ သား ကိုမျိုးကြည်နှင့် ညီအစ်ကိုမောင်နှမတစ်စုတို့က ငွေကျပ်ငါးသိန်းကို နာယက ငဖဲဆရာတော် အရှင်ဝိလာသ ရှေ့မှောက်၌ ဒီဇင်ဘာ ၂၇ ရက်က လှူဒါန်းရာ ဆရာလေး မဥက္ကဝတီ လက်ခံရယူစဉ်။ (က-ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု သုံးခွမြို့ ဂဝံလမ်းသစ်ဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သော သုံးခွမြို့(၉)ရပ်ကွက်၊ သီတာလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် သီတာလမ်း ဂဝံလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းဂဝံလမ်းသစ်မှာ အရှည်ပေ ၁၈၀၀၊ အကျယ်၁၂ ရှိပြီး စုစုပေါင်း ကုန်ကျငွေ ၄၉၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အောင်စကြာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာကျောင်းတိုက် ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၁၁ရက်ညတွင် ကျောက်တန်းမြို့ မြို့မဈေးရှင်ဥပဂုတ္တရဟန္တာ ပူဇော်ပွဲ၊ ၁၂ရက်ညတွင် လှည်းကူးမြို့ ရန်ကင်း(၁)လမ်းသက်ကြီးပူဇော်ပွဲ၊ ၁၃ရက်ညတွင် ခရမ်းမြို့သကျမာရဇိန်သွန်းဘုရားကြီး၊ ၁၄ရက် ညတွင် ကျောက်တန်းမြို့နယ် (ကရပ်) သီတာမြိုင်ရပ်ကွက်၊ ၁၅ရက်နှင့် ၁၆ရက်ညတွင် ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ ၁၈ရက်ညတွင် စမ်းချောင်းမြို့နယ် ပန်းလှိုင် အရဏ်တော်ဝတ်အသင်း ဓမ္မာရုံ၊ ၂၀ ရက်တွင် ဆူးလေစေတီတော်၊ ၂၂ ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက် ရပ်ကွက် ဓမ္မရောင်ခြည်ဦး ဓမ္မာရုံ၊ ၂၃ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေဓမ္မာရုံ၊ ၂၄ရက်ညတွင် တောင်ဒဂုံ(၁၈)ရပ်ကွက်၊ ဓမ္မရက္ခိတ ဓမ္မာရုံ၊ ၂၅ ရက်မှ ၂၉ ရက်အထိ သန်လျင် ဓမ္မရိပ်သာ၊ ၃၀၊ ၃၁ရက် တို့တွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကြိုဆိုဂုဏ်ပြု

အလှူငွေနှင့် စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၀၆ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်များလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဧည့်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ဌာနကြီးမှူးများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် အထူးဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက် ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် ဦးအောင်သန်း[ဥက္ကဋ္ဌ စက်မှုဇုန်(၃)တောင်ဒဂုံ]နှင့် အဖွဲ့ဝင်များက ငွေကျပ်ရှစ်သိန်း၊ ဒေါ်မေသန်းနွယ်က ငွေကျပ်ငါးသိန်း၊ ဦးမိုးဦး (Green Hill Group) က ငွေကျပ်ငါးသိန်း၊ ရန်ကုန်မြို့ သံလွင်လမ်းနေ မောင်ဇော်မင်းသန့်-မခင်ညိုမင်းလွင်၊ ဦးအေးလွင်နှင့်အဖွဲ့(ဒဂုံဆိပ်ကမ်း စက်မှုဇုန်)၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင်မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ ဦးသောင်းထိုက်မင်း (အိုလံပစ်ဟိုတယ်)၊Jewelly Luck Co., Ltd.၊ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ၊ ဦးဘသက်(တွံတေး)၊ ဦးအုန်းကြွယ်(တွံတေး)တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်ခင်အုန်းမြ (ဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့)၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)၊ မြန်မာ့အားမာန်မော်တော်ကားထုတ်လုပ်ရေး၊ ဖြိုးခနအကြော်စုံလုပ်ငန်း ရွှေပြည်သာ၊ ဦးတင့်ဆွေ(ဗိုလ်ရန်ပြေရပ်ကွက် ဒလမြို့နယ်)၊ Myanmar Mosfly Industry Ltd. သန်လျင်မြို့နယ်မှ ဒေါ်အေးမြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဆရာကြီးဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ "အမျိုးသမီးတို့ဆီမှာ အဖိုးတန်ရတနာ"စာအုပ် အုပ်ရေ ၅၀၀၊ "မြင်စမ်းစေချင်မွေးမိခင်"စာအုပ် အုပ်ရေ ၅၀၊ "နွမ်းပေမယ့် ပန်းမကြွေ"စာအုပ် အုပ်ရေ ၂၀၀၊ စားပွဲတင်ပြက္ခဒိန် ၁၀၀၊ ရွှေမင်းသားကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်သူဝင်းက ငွေကျပ် ၁၈၆၀၀၀ တန်ဖိုးရှိ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ မြဝင်း(ဒဿန)၊ သာဦး(ရှမ်းပြည်)တို့ ရေးသားကြသည့် စာအုပ်များကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၁၈ဦးတို့က ငွေကျပ် ၅၁သိန်းနှင့် ငွေကျပ် ၁၃၀၆၀၀၀တန်ဖိုးရှိ စာအုပ်များလှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၈) ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၅ ၈။ ရခိုင်ချောင်တံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၀၀ ၅။ မြန်မာစာ၊ မြန်မာစကား
၅း၁၅ ၆။ သီချင်းကြီးပဒေသာ
၅း၂၅ ၇။ **"စည်းကမ်းလိုက်နာဘေးကင်းကွာ"(လူကူးမျဉ်းကျားမှကူးမယ်)**
၅း၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၄၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၃။ Guinness World Records
၇း၁၀ ၁၄။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၇း၂၀ ၁၅။ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ(အခြေခံပညာ အထက်တန်းအဆင့်)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာရုပ်ရှင် "ဆောင်းတစ်ညဝယ်" (ဝင်းဦး၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ဗိုလ်ကလေး တင့်အောင်)**
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ချင်းပြည်နယ် သာသနာပြုကျောင်းတော်ကြီးအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်း သာသနာပြုဆရာတော်ဘဒ္ဒန္တ တေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် ဓမ္မာစရိယ တန်းရောက် ချင်းတိုင်းရင်းသား ရဟန်းသာမဏေများ သီတင်းသုံးပညာသင်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် (၃၁၄) မြေကွက်တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြု သုံးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်လျက်ရှိသည်။

သာသနာပြုကျောင်းတော်ကြီးပြီးစီးနိုင်ရန်အတွက် မုံရွာမြို့ သာသနာ့ရောင်ခြည် မြတ်ပါရမီသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ကညာဝတီ ဒေါ်ထေရီက ငွေကျပ်သုံးသိန်း၊ ဟားခါးမြို့ ဈေးဟောင်းရပ် ကိုလှမြင့်ဟန်–မနီလာခိုင်က ကျပ် တစ်သိန်းငါးသောင်း၊ ဟားခါးမြို့ ဗိုလ်ချုပ်လမ်း ဦးကွေဌေး–ဒေါ်အမာ(မိုးဟိန်းစားသောက်ဆိုင်)၊ ဦးဆိုင်လား–ဒေါ်စန်းစန်းနွဲ့၊ ကွယ်လွန်သူမောင်ဝင်းမြင့်ဦး (ခ)မောင်ဇင်ဝင်းမြင့်အား ရည်စူး၍ ဦးအောင်ဝင်း–ဒေါ်ဘိုင်တီာလ်း၊ ကိုဇော်မင်း–မထားနီယာန်း (OK လက်ဖက်ရည်ဆိုင်)တို့က ငွေကျပ် သုံးသောင်းစီ၊ ပြည်တော်သာရပ် ဂန့်ဂေါလမ်း ဒေါ်လှကြည်အားရည်စူး၍ မိခင်ဒေါ်ရီ၊ သမီးနှင်းရွှေရည်၊ ဦးအောင်တိုး–ဒေါ်တင်နုတို့က ကျပ်နှစ်သောင်းစီ၊ ဆရာလေး မဥတ္တမဝတီ(သုခိတာရုံ)၊ လှုသာသနာပြုခေါင်းဆောင် ဦးမာနိခ်နှင့် ဦးရိုင်မော်လ်မိသားစု၊ ဒေါ်ဘေတီာလ်း မိသားတို့က ငွေကျပ်တစ်သောင်းစီလှူဒါန်းကြသည်။

သာသနာပြုကျောင်းတော်ကြီးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ချင်းတောင်တန်း သာသနာပြု ဆရာတော် ဖုန်း–၀၉–၅၀၁၁၄၂၀၊ ၅၄၅၁၅၃(ရန်ကုန်)နှင့် ၀၇၀–၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော ပွဲကို ဇန်နဝါရီ ၃ ရက်က မအူကုန်းရပ်ကွက် အလက(၃) ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးမန်ခင်ထန် မှုခင်းကျဆင်းရေး ဟောပြောစဉ်။ (၀၈)

ကြည့်ရှုအားပေး

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ် အသင်းရုံးတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် အမှုဆောင်များ ကြည့်ရှုအားပေးစဉ်။ (၆၄)

ဟိုက်စကူးစင်ထရယ် ကျောင်းသားဟောင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၉

စစ်ပြီးခေတ် ဟိုက်စကူးစင်ထရယ်ကျောင်း ကျောင်းသားဟောင်းများ၏ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့)တွင် အထက(၁) လသာ ကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာများ အချိန်မီပေးပို့နိုင်ခြင်း မရှိပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၃၅** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်" (အပိုင်း–၁၂)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း–၃၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အင်တာနက်အားကစားသတင်းများ

ရီးယဲလ်မဒရစ်အသင်း၏ ကွင်းလယ်ကစားသမား ဒေးဗစ်ဘက် ဟမ်း။ *(ဓာတ်ပုံ–အင်တာနက်)*

ဒေးဗစ်ဘက်ဟမ်း အဆုံးအဖြတ်ပေးရန် ရီးယဲလ်မဒရစ်အသင်း လိုလား

မဒရစ် ဇန်နဝါရီ ၉

ရီးယဲလ်မဒရစ်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ပြင်ဆင်မှုများပြု လုပ်နိုင်ရေးအတွက် အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်း အနေဖြင့် ၎င်း၏ အနာဂတ်ရေးကို အမြန်ဆုံး အဆုံးအဖြတ်ပေးရန် လိုအပ် ကြောင်း ယင်းအသင်း၏ အားကစား ရေးရာ ညွှန်ကြားရေးမှူး ပရီဒရက်မီဂျာ တိုဗစ်က ယနေ့ ပြောကြားသည်။

ရီးယဲလ်မဒရစ်အသင်းတွင်ဆက်လက် ရှိနေရန် လိုလားခြင်းရှိ၊ မရှိ ဒေးဗစ် ဘက်ဟမ်းက လာမည့် သီတင်းပတ် ထက် နောက်မကျဘဲ အဆုံးအဖြတ်ပေး ရန် မိမိတို့လိုလားကြောင်း၊ လာမည့် ဘောလုံးရာသီ အတွက် ပြင်ဆင်ရန် မိမိတို့တွင် အချိန်များစွာမရှိကြောင်း မီဂျာတိုဗစ်က ကာဒီနာဆာအသံလွှင့် ဌာနသို့ ပြောကြားသည်။

ရီးယဲလ်မဒရစ်အသင်းသည်အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစား သမား ဘက်ဟမ်းအား နောက်ထပ် နှစ်နှစ်သက်တမ်း တိုးနိုင်ကြောင်း လွန်ခဲ့သည့် လအနည်းငယ်က ကမ်း လှမ်းခဲ့ပြီဖြစ်သည်။

ဘက်ဟမ်းသည် ဇန်နဝါရီ ၁ ရက် မှစတင်၍ အင်္ဂလန်၊ အီတလီနှင့် အမေရိကန်နိုင်ငံတို့ရှိ အခြားအသင်း များနှင့် အသင်းပြောင်းရွှေ့ရေး ဆွေး နွေးရန် လမ်းပွင့်နေပြီဖြစ်သည်။

အင်တာနက်

တိုက်စစ်မှူး အလန်စမစ် မန်ယူ၌ပင်ရှိရန်လိုလား

လန်ဒန် ဇန်နဝါရီ ၉

မန်ချက်စတာ ယူနိုက်တက် အသင်း၏ တိုက်စစ်မှူး အလန်စမစ် သည် ယင်းအသင်း၏ ပထမဦးစား ပေး ဘောလုံးသမား အခန်းကဏ္ဍမှ ပါဝင်ကစားရန် ကြိုးပမ်းလျက်ရှိပြီး ဇန်နဝါရီလ အသင်းပြောင်းရွှေ့ကာလ အတွင်း အခြားအသင်းသို့ ပြောင်းရွှေ့ ရန် လိုလားခြင်းမရှိကြောင်း "မန်ချက် စတာ ညနေခင်းသတင်း" အမည်ရှိ သတင်းစာက ယနေ့ ရေးသားဖော်ပြ သည်။

အလန်စမစ်သည် အခြားအသင်း တစ်သင်းသို့ အပြီးပြောင်းရွှေ့ခြင်း သို့မဟုတ် အငှားချစာချုပ်အရ ပြောင်း ရွှေ့ခြင်းပြုလုပ်လိုခြင်း ရှိ၊ မရှိ ပရီ မီယားလိဂ် ဘောလုံးပြိုင်ပွဲဝင်အသင်း ၈၀ရာခိုင်နှုန်းခန့်က စုံစမ်းလျက်ရှိ ကြောင်း သတင်းစာတွင်ဖော်ပြသည်။

အလန်စမစ်သည် မန်ချက်စတာ ယူနိုက်တက်အသင်းသို့ စတင်ရောက် ရှိခဲ့ပြီးနောက် အောင်မြင်သည့်ဘောလုံး သမားအဖြစ် ရပ်တည်လာနိုင်သည်။ သို့ရာတွင် လွန်ခဲ့သည့် ဘောလုံးရာသီ တွင် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီးနောက် ၎င်း၏ တိုးတက်မှုမှာ တုံ့ဆိုင်းသွားခဲ့သည်။

သို့ရာတွင် အလန်စမစ်သည် ယခု အခါ မန်ယူအသင်း၏ ဦးစားပေး ဘောလုံးသမားစာရင်းတွင် ပါဝင်ရန် ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်

မန်ချက်စတာ ယူနိုက်တက် အသင်း၏ တိုက်စစ်မှူး အလန် စမစ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂိုးသမားပါဒယ်လီအား ခေါ်ယူရန် လီဗာပူးအသင်း ဆွေးနွေးမည်

လန်ဒန် ဇန်နဝါရီ ၉

လီဗာပူးအသင်းသည် အီတလီ နိုင်ငံ၌ ဆမ်ဒိုးရီးယားအသင်း၏ ဂိုးသမား ဒင်နီယယ်ပါဒယ်လီအား ခေါ်ယူရန်၎င်းနှင့် ဆွေးနွေးမည်ဖြစ် ကြောင်း ယနေ့ အင်တာနက်သတင်း တွင် ဖော်ပြသည်။

လီဗာပူးအသင်းနည်းပြ ရာဖေး ဘင်နီတက်ဇ်သည် ပါဒယ်လီ၏ ကစားပုံကို အထူးနှစ်ခြိုက်သည်။ ပါဒယ်လီသည် ခြောက်လသက်တမ်း ရှိ အငှားချစာချုပ် လက်မှတ်ရေးထိုး ရေး ဆွေးနွေးရန် ယခုရက်သတ္တပတ် အတွင်း အင်္ဂလန်သို့ လာရောက်မည် ဟု ဘင်နီတက်ဇ်က ပြောကြားသည်။

ပါဝင်ကစား

ပါဒယ်လီသည် ဆမ်ဒိုးရီးယား အသင်း၏ ဂိုးသမားဖြစ်သော်လည်း ယခုလောလောဆယ်တွင် စီးရီးဘီ ပြိုင်ပွဲဝင် ခရိုတန်အသင်း၌ အငှားချ စာချုပ်အရပါဝင်ကစားလျက်ရှိသည်။ ပါဒယ်လီသည် အသက် ၂၁နှစ် အောက် လက်ရွေးစင်ဘောလုံးသမား တစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ် ဖီဖာကမ္ဘာ့ လူငယ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ တွင် အီတလီအသင်းနှင့်အတူ ပါဝင် ကစားခဲ့သည်။

အင်တာနက်

မန်ချက်စတာ ယူနိုက်တက် အသင်း၏ နောက်တန်းဘောလုံး သမား ဂါဘရီယယ်ဟိန်းဇ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂါဘရီယယ်ဟိန်းဇ်အား ဂျူဗင်းတပ်စ် ခေါ်ယူလို

ရောမ ဇန်နဝါရီ ၉

မန်ချက်စတာယူနိုက်တက်အသင်း ၏ နောက်တန်းဘောလုံးသမား ဂါဘရီယယ်ဟိန်းဇ်အား အီတလီသို့ ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း ဂျူဗင်းတပ်စ်အသင်းနည်းပြ ဒစ်ဒီယာ ဒက်စ်ချမ့်က ယနေ့ပြောကြားသည်။

အသက် ၂၈အရွယ်ရှိ ဟိန်းဇ်သည် ပီအက်စ်ဂျီနောက်တန်း ဘောလုံး သမားဟောင်းဖြစ်ပြီး ၎င်းအား အေစီ မီလန်အသင်းကလည်း ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဟိန်းဇ်၏ ကစားပုံကို ပြင်သစ်နိုင်ငံ တွင် နှစ်နှစ်ကြာမျှ ၎င်းဘောလုံးကစား လျက်ရှိစဉ်ကပင် မိမိကောင်းစွာသိရှိ ခဲ့ကြောင်း၊ မန်ချက်စတာယူနိုက်တက် အသင်းတွင် နောက်တန်းတာဝန်ကို ဟိန်းဇ်ရယူရကြောင်း၊ နောက်တန်း ဝဲစွန်တွင် ၎င်းကိုထားရှိခြင်းထက် နောက်တန်းအလယ်ဗဟိုတွင် ၎င်းရှိ သင့်သည်ဟု မိမိယူဆကြောင်း၊ ဟိန်းဇ် သည် နိုင်ငံတကာအဆင့်မီ ဘောလုံး သမားတစ်ဦးပင်ဖြစ်ကြောင်း ဂျူဗင်း တပ်စ်အသင်း နည်းပြက ပြောကြား သည်။ **အင်တာနက်**



သဘာဝဓာတ်ငွေ့တွင်းသစ်စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၇)ကို စစ်ဆေးစဉ်။ (စွမ်းအင်)

ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၁၂ သန်း နေ့စဉ်ထုတ်နေ

ရန်ကုန် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးရာ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ တွင်းသစ် အမှတ်(၃၇)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေးဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား တာဝန်ရှိသူတို့က လက်ရှိတူးဖော်လျက်ရှိသည့် မအူပင်(တောင်) ဒေသအစမ်းတွင်းနှင့် စပ်လျဉ်း၍ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ထူးခြားသည့် ညအပူချိန်များ

၉-၁-၂၀၀၇

ဟားခါး	-	(-၂) ဒီဂရီစင်တီဂရိတ်
ပင်လောင်းနှင့် မိုးကုတ်	-	၄ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	-	၁၈ ဒီဂရီစင်တီဂရိတ်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် လော်ကားဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး စက်စွမ်းအားအပြည့်အဝဖြင့် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ရက် မွန်းလွဲပိုင်းတွင် လော်ကား ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် လော်ကား စက်ရုံမှူး ဦးသိန်းဇော်တို့က လော်ကားစက်ရုံ၏ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ဆောင်ရွက်ထားရှိမှုနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် Fuel Nozzle များ လဲလှယ်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လော်ကားစက်ရုံ စက်အမှတ်(၁)၌ လျှပ်စစ်ကျွမ်းကျင် လုပ်သားများ စက်ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက စက်များ၏ကြံ့ခိုင်ရေးကို အလေးထား ဆောင်ရွက်၍ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် Gas Yard အတွင်း လျှပ်စစ်ကျွမ်းကျင်လုပ်သားများ Gas ပိုက်လိုင်းများကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီးလော်ကား စက်ရုံအတွင်းရှိ သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်က ကမ်းလွန် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ် ဆောင်ရွက်ထားရှိမှုနှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသရာ ဝန်ကြီးက စက်များအား စွမ်းအားပြည့် လည်ပတ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

အင်တာနက်ကျန်းမာရေးသတင်း

နို့မပါသော လက်ဖက်ရည် နှလုံးကျန်းမာရေးအတွက်အကျိုးများဟုဆို

ဘာလင် ဇန်နဝါရီ ၉

လက်ဖက်ရည်သောက်သုံးခြင်းနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်မှု အများအပြားရှိခဲ့ရာတွင် ထိုလေ့လာချက်များအရ လက်ဖက်ရည်သည် နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း တွေ့ရှိရသည်။ သို့ရာတွင် လက်ဖက်ရည်တွင် နို့ထည့်၍ သောက်သုံးပါက အထက်ပါ အကျိုးအာနိသင်များ ပျက်ပြယ်သွားသည်ကို တွေ့ရသည်ဟုဆိုသည်။

လက်ဖက်ရည်တွင်ကက်ချင်း(Catechin)ခေါ် ဓာတ်ပစ္စည်း ပါဝင်သည်။ ထိုဓာတ်ပစ္စည်းကြောင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

နို့မပါသော လက်ဖက်ရည်သောက်သုံးခြင်းသည် နှလုံးကျန်းမာရေးကို အထောက်အကူပြုကြောင်းသိရသည်။ (ဓာတ်ပုံ-အင်တာနက်)